# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

My... Daily

၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ တနင်္လာနေ့ ... အတွဲ (၆၀)၊ အမှတ် (၂၈၉)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှ အသက်ရှည် ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)



# ၇၄ နှစ်မြောက် အာဇာနည်နေ့

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ် အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည်ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



သခင်မြ



ဒီးဒုတ်ဦးဘချို



ဦးဘဝင်း



စဝ်စံထွန်း



မန်းဘခိုင်



ဦးရာဇတ်



ဦးအုန်းမောင်



ရဲဘော်ကိုထွေး

မြန်မာ့အလင်း

# လွတ်လပ်ရေး၏အရသာ

မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ခြောက်လခန့်သာ လိုတော့သည့်အချိန်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လမ်းညွှန်ပြဋ္ဌာန်းချက်များကို အဆိုတင်သွင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ဇူလိုင် ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ လွတ်လပ်ရေးကို တစ်နှစ်အတွင်းရရှိရန် အာမခံကြောင်းနှင့် လွတ်လပ်ရေးရပြီးနောက် လွတ်လပ်ရေးနှင့်ထိုက်တန်အောင် အလုပ်ကြိုးစားလုပ်ကြစေလိုကြောင်း ပြောကြားခဲ့ရာ ၎င်းမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းဖြစ်ခဲ့သည်။

ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်းတွင် နိုင်ငံပြန်လည်ထူထောင်ရေးကြိုးပမ်းအလုပ်လုပ်ကြရန်အတွက် "အဲဒီတော့ ပဒေသာပင်ဟာ မြေက ပေါက်လာမှာ မဟုတ်ပါဘူး။ ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေး ရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်" ဟူ၍ ပြောကြားခဲ့သည်။

အလုပ်လုပ်ရာတွင်လည်း သာမန်မျှလုပ်နေရုံဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့်အခြေအနေသို့ ရောက်ရှိနိုင်မည်မဟုတ်သည့်အတွက် "ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင်၊ တခြားလွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလိုလိုက်နိုင်တဲ့ အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလို တန်းတူညီတူ ဖြစ်သွားမယ်" ဟူ၍လည်း ထည့်သွင်းမိန့်ကြားခဲ့သည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လူမသမာတို့၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရပြီးနောက် လွတ်လပ်သည့် မြန်မာနိုင်ငံဘဝသို့ ရောက်ခဲ့သော်လည်း ဗိုလ်ချုပ်ရှိစဉ်က ရရှိခဲ့သည့် တစ်ခဲနက်သော စည်းလုံးညီညွတ်မှုတို့ ပျောက်ကွယ်ခဲ့ရသည်။ သံသယများ၊ အငြိုးအာဃာတများ၊ အယူဝါဒပေါင်းစုံနှင့် လိုလားချက်ပေါင်းစုံတို့စုပြုံကာ လက်နက်စွဲကိုင်တိုက်ခိုက်မှုများ နိုင်ငံတစ်ဝန်း၊ ဒေသများစွာတို့တွင် ပေါ်ပေါက်ခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ မရောက်ရှိခဲ့။ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေးတို့ကို ဗိုလ်ချုပ်က တဖွဖွမှာကြားခဲ့သော်လည်း နယ်ချဲ့တို့ စနစ်တကျချထားရစ်ခဲ့သည့် သံသယမျိုးစေ့တို့က အပင်ပေါက်ခဲ့သည်။ ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူလူထုညီညွတ်ရေးတို့အတွက် ဆောင်ရွက်ဖွယ်ရာတို့က ခေတ်ပြိုင်မျိုးဆက်တို့၏ ပခုံးထက်တွင် ကြီးမားလေးလံစွာ တင်ရှိနေဆဲ။

ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ရောက်ရှိလာစေရန်မှာ မိမိတို့တွင် အင်အားရှိဖို့လိုသည်။ ယင်းအင်အားသည် အခြားမည်သည့်နေရာတွင်မှမရှိ ပြည်တွင်းမှာသာရှိသည့် အင်အားဖြစ်သည်။ နိုင်ငံ့အင်အားကို တည်ဆောက်နိုင်ရန်အတွက်မှာ စည်းလုံးညီညွတ်ရန်နှင့် စည်းကမ်းရှိရန် လိုအပ်သည်။ "ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ အခုကတည်းက ခင်ဗျားတို့ ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ပြောခဲ့ချင်တယ်" ဟူသော ဗိုလ်ချုပ်၏နောက်ဆုံးမိန့်မှာချက်သည် ယနေ့ထက်တိုင်လည်း မိမိတို့နိုင်ငံတွင် လိုအပ်နေဆဲသာ ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း





ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ရှိသူများသာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးပူးပေါင်းပါဝင်၍ အင်တိုက်အားတိုက်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်လို

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး ကုသရေးလုပ်ငန်းသည် အများနှင့်ဆိုင်သည့် ကိစ္စရပ်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများသာမက ပြင်ပမှ ကျွမ်းကျင်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် အနီးကပ်ဆုံး၊ လက်တွေ့အကျဆုံးတာဝန်ယူ ဆောင်ရွက်နေကြရသူများဖြစ်သဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ အားပေးမှုများနှင့် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှုနှုန်းများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုသည် ပထမလှိုင်းနှင့် ဒုတိယလှိုင်းဖြစ်ပေါ်ခဲ့စဉ် မသိသာခဲ့သော်လည်း လက်ရှိတတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်းများပြား မြန်ဆန်လာသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအနေဖြင့် လူဦးရေ သန်း ၁၉၀ ကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ဇူလိုင် ၁၇ ရက်နေ့အထိ ၂၂၄၂၃၆ ဦးရှိပြီဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ တတိယလှိုင်းသည် မိမိတို့နိုင်ငံ၌ ဇွန်လမှ စတင် ဖြစ်ပွားလာခဲ့ပြီး ဇူလိုင်လ ၁ ရက်မှစ၍ ကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့၏ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း များကို သုတေသနပြု နှိုင်းယှဉ်ရာတွင် များစွာကွာခြားမှုရှိပြီး တတိယလှိုင်းတွင် ကူးစက်ဖြစ်ပွားမှုနှုန်းများသည်ကို ဆတိုးဖြင့် ကူးစက်ပြန့်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

### ကန့်သတ်ချက်မထားရှိဘဲ ခွင့်ပြုပေးထား

ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ၁ ဒသမ ၆ သန်းကျော်ကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပြီး ဒုတိယအကြိမ်ထိုးနှံမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအားလုံးကို ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးများကို လှူဒါန်းရရှိမှုများ၊ မှာယူမှုများဖြင့် အဆက်မပြတ် တင်သွင်းလျက်ရှိပြီး ဇူလိုင် ၂၂ ရက်တွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၇ သိန်းခွဲ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်လည်း ဆက်တိုက်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ဩဂုတ်လ ပထမအပတ်အတွင်း၌လည်း ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာမည်ဖြစ်သဖြင့် ယခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများကိုလည်း ဆေးဝါးတင်သွင်းမှုနှင့် ပတ်သက်၍ ကန့်သတ်ချက်မထားရှိဘဲ ခွင့်ပြုပေးထားကြောင်း။

### ကူးစက်မှုလျော့ကျနိုင်ရေးကို အဓိကထား

အောက်ဆီဂျင်နှင့် ပတ်သက်၍ လူအများစိတ်ဝင်စားလျက်ရှိပြီး အောက်ဆီဂျင်ပေး၍ ကုသသည်ဆိုသော်လည်း လိုအပ်သည့်သူများကိုသာ အောက်ဆီဂျင်ပေးကုသရသည်ဖြစ်ကြောင်း၊ သို့သော်လည်း ပြည်သူလူထုအနေဖြင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်ပြီး အောက်ဆီဂျင်များကို ဝယ်ယူသိုလှောင်ခြင်း၊ တစ်ဆင့်ခံရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ အောက်ဆီဂျင်ကို ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၏ အကြံပြုချက်များဖြင့် အသုံးပြုခြင်းသာ အကောင်းဆုံးဖြစ်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ စက်ရုံ၊ အလုပ်ရုံများရှိ Oxygen Plant များမှ အောက်ဆီဂျင်များ ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှလည်း liquid အောက်ဆီဂျင်နှင့် အောက်ဆီဂျင်အိုးများကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှတဆင့် တင်သွင်းပေးလျက်ရှိကြောင်း၊ တတိယလှိုင်းတွင် မိမိတို့သာမက အိမ်နီးချင်းနိုင်ငံများ၌လည်း အလားတူ အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကာ ကူးစက်မှုလျော့ကျနိုင်ရေးကို အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**လက်ရှိအချိန်တွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့် Mobility Pattern အရ**

*စာမျက်နှာ ၄ သို့*

> **“လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့် Mobility Pattern အရ လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထားလိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိ၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်းတာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်”**

- ❒ ကုန်ထုတ်လုပ်ငန်းများ လည်ပတ်နေစေရေးနှင့် ကိုဗစ်ကာလ သွားလာမှုကန့်သတ်ချက်အချို့ကြောင့် စိုက်ပျိုးကုန်များ၊ မွေးမြူရေးထုတ်ကုန်များ ပို့ဆောင်ဖြန့်ချိမှု ခက်ခဲလာလျှင် ကူညီဖြေရှင်းပေးရမည်ဖြစ် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်နှင့်သင့်လျော်သော အမြတ်ငွေရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်၊
- ❒ အခြေခံစားကုန်သဖွယ်ဖြစ်နေသော ကြက်ဥဈေးနှုန်းနှင့် ပတ်သက်ပြီး ကောလာဟလဖြစ်အောင် ဈေးနှုန်း မြင့်တက်အောင် လုပ်ဆောင်နေမှုများကို တွေ့ရှိရပြီး ဥစားကြက်မွေးမြူရေးကို မိမိတို့အနေဖြင့် လွန်ခဲ့သည့် ၆ နှစ် ၇ နှစ်ကတည်းကပင် အားသွန်ခွန်စိုက်လုပ်ခဲ့
- ❒ ယခင်ကပင် တပ်မတော်က ပြည်သူလူထုကို ရောင်းချပေးနေသည်ကို တွေ့နိုင်မည်ဖြစ်၊ စိုးရိမ်စရာမရှိ
- ❒ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ပြည်သူလူထုတစ်ရပ်လုံး၏ စိုးရိမ်ကြောင့်ကြမှုများကို လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်

*စာမျက်နှာ ၃ မှ*

လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထား လိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်း တာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသော်လည်း ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အခက်အခဲမရှိစေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လေကြောင်း၊ ရထားလမ်း၊ ကားလမ်းများကို ဖွင့်လှစ်ပေးထားလျက်ရှိပြီး ပို့ဆောင်ဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာတို့နှင့် ပတ်သက်၍လည်း စောင့်ရှောက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိလာမည့် ရောဂါကာကွယ်ဆေးများကို အများနှင့် ထိတွေ့ဆက်ဆံနေရသော ပို့ဆောင်ဆက်သွယ်ရေးတာဝန် ထမ်းဆောင်နေသည့်ဝန်ထမ်းများအား ဦးစားပေး ထိုးနှံပေးသွားနိုင်ရေး စီစဉ်ရန်လိုကြောင်း။

### စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပ

မကြာမီရက်သတ္တပတ်အတွင်း ကျရောက်မည့် အာဇာနည်နေ့၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့ အခမ်းအနားများသည် မဖြစ်မနေကျင်းပပြုလုပ်ရန် လိုအပ်သည့် အခမ်းအနားများဖြစ်သော်လည်း ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုတစ်စုံတစ်ရာ မရှိစေရေးအတွက် သတ်မှတ် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပသွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ပေးကြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုဗစ်–၁၉ ရောဂါကာကွယ်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်လို့ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန် လိုပါတယ်။ အဓိက ဘာလဲဆိုတော့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုက ပိုပြီးအရေးကြီးပါတယ်။ ဒီရောဂါက ဘယ်လိုမှ တားဆီးလို့ရတာလဲ မဟုတ်ပါဘူး။ မြင်လည်းမမြင်ရဘူး၊ ကြားလည်းမကြားရဘူး၊ အနံ့လည်းမရဘူး၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့အနေနဲ့ အားလုံးက ပူးပေါင်းဆောင်ရွက်မှု ပိုအရေးကြီးတယ် ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ အဓိက က ကုသရေးပိုင်းဆိုင်ရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့ ကိစ္စ၊ ဝန်ထမ်းတွေမှာလည်း နိုင်ငံ့ဝန်ထမ်းတွေ ရှိသလိုပဲ၊ နောက်တစ်ခါ အပြင်မှာရှိနေတဲ့ ကျွမ်းကျင်တဲ့လူတွေ ရှိပါတယ်။ ဆေးဘက်ပညာရှင်တွေ ရှိပါတယ်။ အများနဲ့ ပတ်သက်တဲ့ကိစ္စဖြစ်လို့ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန်လိုပါတယ်လို့ ပြောလိုပါတယ်။ သူတို့၏ ကျန်းမာရေးဆိုင်ရာ အကာအကွယ်ကိုလည်း ကာကွယ်ပေးဖို့လိုတယ်။ သူတို့ ဖျားနာနေလို့မရဘူး။ သူတို့ကိုလည်း ပိုပြီးတော့ ဂရုစိုက်ဖို့လိုတယ်။ သူတို့ရဲ့ ကုသပေးမှုက လူအများကို ဆောင်ရွက်ပေးတာ။ လူတစ်ယောက်က လူအများကို ဆောင်ရွက်ပေးတာဖြစ်တယ်။ လူအများက သူ့ကိုဆောင်ရွက်ပေးတာမဟုတ်ဘူး။ လူတစ်ယောက်က လူအများကို ဆောင်ရွက်ပေးတာ ဖြစ်တယ်။ ဒါကြောင့် သူတို့က ပိုပြီးအရေးကြီးပါတယ်။ ဦးစားပေးပါ။ သူတို့ကို ပြန်ပြီးတော့ ဦးစားပေးဖို့ လိုပါတယ်။ ဒါတွေကလည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိတဲ့ပုဂ္ဂိုလ် အဆင့်ဆင့်ကလည်း အထူးအလေးထားပြီးတော့ ဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ တစ်ဖက်ကလည်း စောစောက ကျွန်တော်ပြောတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ကျွမ်းကျင်သူတွေကလည်း အပြင်မှာရှိတဲ့ ကျွမ်းကျင်သူအားလုံးကလည်း ဒီဟာက နိုင်ငံရဲ့ နိုင်ငံ့အရေးဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပူးပေါင်းဆောင်ရွက်ပေးဖို့လိုတယ်လို့ ကျွန်တော် ပြောလိုပါတယ်။ စေတနာ့ဝန်ထမ်းတွေခေါ်နေတာ ရှိပါတယ်။ တချို့လည်း လာရောက်သတင်းပို့ကြတာရှိပါတယ်။ ဒါပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် ဟိုကလည်း ခြိမ်းခြောက်၊ ဒီကလည်း ခြိမ်းခြောက်ဆိုတော့ မလာရဲ၊ မပြုရဲနဲ့ လုပ်ကြတာရှိတယ်။ တချို့လည်း အပြင်ရောက်နေတဲ့သူတွေ လာချင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်နေတာကို တွေ့ရတယ်။ ဒါတွေကို ကြိုဆိုတယ်လို့ ကျွန်တော်ပြောထားပြီးသားဖြစ်ပါတယ်။ ကြိုဆိုတယ်လို့ ပြောထားပြီးသားဖြစ်တာကြောင့် ပူးပေါင်းဆောင်ရွက်ပေးမှု လိုအပ်တာဆိုတာ ပြောလိုပါတယ်။ နောက်တစ်ခါ လိုအပ်သည့် ပစ္စည်းနှင့်ပတ်သက်ပြီး လှူနေတာတွေ ရှိပါတယ်။ မနေ့ကတင်ပြတဲ့ ကိန်းဂဏန်းအရဆိုလျှင် ပြည်နယ်နှင့် တိုင်းအသီးသီးမှာ တော်တော်ကို များကြပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက လူမှုရေး စိတ်ဓာတ်တွေရှိကြတယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။ အခက်အခဲအကျပ်အတည်းတွေရှိတဲ့ကြားထဲက သိန်းပေါင်းများစွာ ပြည်နယ်နှင့် တိုင်းအသီးသီးမှာ လာရောက်လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေကိုလည်း၊ အလှူရှင်အသီးသီးကိုလည်း ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လှူတယ်ဆိုကတည်းက ဝမ်းသာစရာကိစ္စဖြစ်ပါတယ်။ အလှူရှင်အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော် ပြောလိုပါတယ်။ ဆက်လက်ပြီးတော့လည်း တတ်နိုင်သည့် အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေကလည်း ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ ပြောလိုပါတယ်။”**

### အကျယ်တဝင့် ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် တိုင်းစစ်ဌာနချုပ်အလိုက် Oxygen plant များ၊ အောက်ဆီဂျင်အိုးများ မှာယူရောက်ရှိနေမှု၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ လက်ကားဆေးဆိုင်ကြီးများ၏ ဖြန့်ဝေရောင်းချနေမှုနှင့် သုံးသပ်ချက်များ၊ ကုန်စည် စီးဆင်းမှုနှင့် ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး နှိုးဆော်ခြင်းနှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာ၊ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သတင်းထုတ်ပြန်ပေး၊ ပညာပေး၊ လှုံ့ဆော်နေမှု၊ ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ရောဂါပိုးအတည်ပြုလူနာ ၃၁၅ ဦးရှိသည့်အနက် ဆေးရုံဆင်းလာသူ ၁၂၀၊ ကုသဆဲ ၁၉၀ ဖြစ်ပြီးသေဆုံးသူ ငါးဦးရှိကာ ၎င်းငါးဦးသည်လည်း မူလရောဂါအခံရှိမှုကြောင့်သေဆုံးခဲ့ရသည့် အခြေအနေများနှင့် အကျဉ်းစခန်းများရှိ ရောဂါပိုး အတည်ပြုသူများကို သက်ဆိုင်ရာ အကျဉ်းစခန်း၊ အချုပ်စခန်းများတွင် ဆေးခန်း၊ ဆေးကုသမှုနေရာများဖြင့် စနစ်တကျ ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုကြောင့် အခြေအနေထိန်းချုပ်ထားနိုင်မှု၊ မဖြစ်မနေ ကျင်းပပြုလုပ်ရန် လိုအပ်သည့် အခမ်းအနားများအား အနည်းဆုံးသောအင်အားဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အောက်ဆီဂျင်များလိုအပ်ချက်များ မရှိစေရေးအတွက် တပ်မတော် စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ နေ့စဉ်ထုတ်လုပ်၍ ဆေးရုံများသို့ နေ့စဉ်ဖြန့်ဝေပေးနေမှု၊ ပြည်ပမှမှာယူတင်သွင်းပေးနေမှုနှင့် အောက်ဆီဂျင်များ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်နေမှု၊ ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ တပ်မတော် စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ အောက်ဆီဂျင်များ နေ့စဉ်ထုတ်လုပ်ဆောင်ရွက်ပေးနေမှု၊ ရောဂါကူးစက်ပြန့်ပွားမှု လျော့ပါးစေရေးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်မှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

### ထိမိစွာဖြင့် သတိပေးနှိုးဆော်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများသည် ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍတို့အတွက် မရှိမဖြစ် အရေးပါပြီး ရပ်တန့်သွား၍ မရသည့်အတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကျရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် မဖြစ်မနေ ခရီးသွားရသည်များ ရှိသည်ဖြစ်၍ RBE ရထားများ ပြေးဆွဲပေးရန် လိုကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိပါက ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်မဟုတ်သောကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက်လည်း အလေးထား ဆောင်ရွက်ကြရန်နှင့် လျှပ်စစ်ဝန်ထမ်းများကို လုံခြုံရေးအရ အကာအကွယ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ပုံနှိပ်လုပ်ငန်းများမှတစ်ဆင့် ပြည်သူများသို့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ရာတွင် ထိမိစွာဖြင့် သတိပေးနှိုးဆော်ကြရမည်ဖြစ်ပြီး တိုင်းရင်းသား ဘာသာစကားများဖြင့်လည်း ထုတ်လွှင့်ရန်လိုကြောင်း၊ ပညာပေး အစီအစဉ်များ၊ ဆောင်းပါးများ၊ သတင်းများကို လူတိုင်းနားလည်အောင်၊ ထိမိအောင် ရေးသား၊ ထုတ်လွှင့်ရန်လိုကြောင်း၊ နှိုးဆော်ချက်၊ လှုံ့ဆော်ချက်များကို လူထုနားထဲအရောက် အသံချဲ့စက်များ သုံး၍ ပညာပေးရန်၊ လှုံ့ဆော်ရန် လုပ်ဆောင်နိုင်ကြောင်း၊ ကာကွယ် ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ထိုးနှံရမည့်သူအားလုံးကို မပျက်မကွက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို စိတ်ရောကိုယ်ပါ အားပေးကြရမည်ဖြစ်ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း ခွင့်ပြုထားသည့်အပြင် ကျန်းမာရေးဝန်ထမ်းများ၏ စိတ်ဓာတ်မြှင့်တင်ရေးကို တာဝန်ရှိသူအားလုံးက လိုအပ်သည်များ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ အရေးပေါ်လိုအပ်ပါက တပ်မတော်ရဟတ်ယာဉ်၊ လေယာဉ်များ အသုံးပြုနိုင်ရေး စီမံခန့်ခွဲထားပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ပေးရန် လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### နှိုးဆော်ကြပ်မတ် ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆွေးနွေးမှုများ၏ အဓိကရည်ရွယ်ချက်သည် ရောဂါ ကူးစက်ပြန့်ပွားမှု လျော့ကျစေရေးပင်ဖြစ်ပြီး ရောဂါပိုးကူးစက်မှုကြောင့် ပြည်သူများ စိုးရိမ်ပူပန်နေရမှုများကို

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၅ သို့

ဖြေလျှော့ပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သတိပေးနှိုးဆော်မှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့သဖြင့် လှုပ်ရှားသွားလာမှုများလျော့ကျလာသည်ကို တွေ့ရှိရပြီး ရုံးပိတ်ရက်ရှည်ကာလအတွင်း၌လည်း သွားလာမှုများကို စနစ်တကျရှိစေရေး နှိုးဆော်ကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝါတွင်းကာလ ဝါဆိုကြမည့် ရဟန်း၊ သံဃာ၊ သီလရှင်များ၏ ကျန်းမာရေး၊ ဆွမ်း၊ ကွမ်းကိစ္စ မလစ်ဟင်းစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် ကိုးကွယ်ရာဘာသာများအလိုက် ဘုရားသွားကျောင်းတက်ခြင်း၊ ဝတ်ပြုခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ရာ စည်းကမ်းနှင့်အညီဖြစ်စေရေး ကြပ်မတ်ကြရမည်ဖြစ်ကြောင်း။

### ကုန်ထုတ်လုပ်ငန်းများ

ကုန်ထုတ်လုပ်ငန်းများ လည်ပတ်နေစေရေးနှင့် ကိုဗစ်ကာလ သွားလာမှု ကန့်သတ်ချက်အချို့ကြောင့် စိုက်ပျိုးကုန်များ၊ မွေးမြူရေးထုတ်ကုန်များ ပို့ဆောင်ဖြန့်ချိမှု ခက်ခဲလာလျှင် ကူညီဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်နှင့် သင့်လျော်သော အမြတ်ငွေရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်သဖွယ်ဖြစ်နေသော ကြက်ဥဈေးနှုန်းနှင့်ပတ်သက်ပြီး ကောလာဟလဖြစ်အောင် ဈေးနှုန်းမြင့်တက်အောင် လုပ်ဆောင်နေမှုများကို တွေ့ရှိရပြီး ဥစားကြက်မွေးမြူရေးကို မိမိတို့အနေဖြင့် လွန်ခဲ့သည့် ၆ နှစ် ၇ နှစ်ကတည်းကပင် အားသွန်ခွန်စိုက်လုပ်ခဲ့ကြောင်း၊ ယခင်ကပင် တပ်မတော်က ပြည်သူလူထုကို ရောင်းချပေးနေသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ စိုးရိမ်စရာမရှိကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ပြည်သူလူထုတစ်ရပ်လုံး၏ စိုးရိမ်ကြောင့်ကြမှုများကို လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### Center ၁၉၃၄ နေရာမှာ ပြင်ဆင်

ထို့နောက် ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **"Quarantine Center နဲ့ ပတ်သက်၍ ပြင်ထားတာ ရှိပါတယ်။ တပ်မတော်နဲ့အရပ်ဘက် ဆေးရုံတွေ၊ နေရာ၊ ဌာနတွေကို အားလုံးပေါင်း ၆၉၈၀၀ ဦးရေခန့်အတွက် Center ၁၉၃၄ နေရာမှာ ပြင်ဆင်ထားပါတယ်။ လက်ရှိ ၂၅ ရာခိုင်နှုန်းပဲ Quarantine Center များတွင် ရှိပါတယ်။ အလားတူ Positive လူနာတွေနဲ့ပတ်သက်ပြီး နေရာပေါင်း ၁၁၁၄ နေရာမှာ ၄၅၉၀၀၊ ၄၆၀၀၀ ခန့် ဝင်ဆံ့တဲ့ အင်အားရှိပါတယ်။ လောလောဆယ် ၆၂ ရာခိုင်နှုန်းပဲ Positive လူနာထားတဲ့နေရာမှာ ရှိပါတယ်။ ကုသရေး Center ပေါင်း ၅၆၀ လုပ်ထားတဲ့နေရာမှာ ဝင်ဆံ့တာက ၂၅၅၀၀ ခန့်ရှိပါတယ်။ ၉၂ ဒသမ ၂ ရာခိုင်နှုန်း ရှိပါတယ်။ သူကတော့ ပိုများပါတယ်။ ကုသရေး Center မှာရှိတဲ့ လူနာတွေနဲ့ပတ်သက်၍ တချို့ကလည်း Positive လူနာထားတဲ့ နေရာဘက်သို့ ရွှေ့သင့်ရင် ပြန်ရွှေ့ရမှာပဲ။ ဒါကတော့ လက်ရှိအခြေအနေမှာ မဖြစ်သေးပါဘူး။ သို့သော်လည်း ကြိုတင်ပြီး စဉ်းစားထားဖို့လိုတယ်။ ဘယ်လိုဖြစ်လာလို့ရှိရင် ဘယ်နေရာမှာ Shift လုပ်မလဲဆိုတာ အဲ့မှာစီမံခန့်ခွဲရေးလုပ်ဖို့ အရေးကြီးပါတယ်။ သူတို့ရဲ့ စားရေး၊ သောက်ရေး အရေးကြီးပါတယ်။ သူတို့ စားရေး၊ သောက်ရေး၊ ကျွေးမွေးရေးပေါ့။ တပ်မတော်ကတော့ တပ်မတော်မှာ တက်နေတဲ့ ဆေးရုံတွေမှာ နေရာ ၃ နေရာမှာ အကုန်လုံး ကျွေးမွေးထားပါတယ်။ ထို့အတူပဲ ဆေးရုံတွေမှာလည်း တတ်နိုင်သလောက် ကျွေးမွေးနေတယ်။ အလှူရှင်တွေနဲ့ လုပ်ပေးထားတာ ရှိတယ်။ ဒါတွေလည်း မျက်ခြည်မပြတ်ကြည့်နေဖို့ လိုပါတယ်။ လူနာတွေကလည်း အာဟာရရှိဖို့ လိုပါတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး ခံနိုင်ရည်ရှိအောင်၊ အာဟာရရှိအောင် ဆောင်ရွက်ပေးဖို့လိုတယ်။ စားနိုင်တဲ့ လူနာတွေရှိသလို မစားနိုင်တဲ့ လူနာတွေရှိမယ်။ မျက်ခြည်မပြတ်ကြည့်ဖို့ လိုပါတယ်။ ဆင်းရဲချမ်းသာမဟုတ်ပါဘူး။ ဆင်းရဲလို့ မလုပ်နိုင်ဘူး၊ မကျွေးနိုင်ဘူး၊ မစားနိုင်ဘူးဆိုတာ မဖြစ်ပါစေနဲ့။ အားလုံးကို ကျွန်တော်တို့က လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ပြောလိုပါတယ်။"**

### အလေးထား ဆောင်ရွက်

ဆက်လက်ပြောကြားရာတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခက်အခဲများရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းစစ်ဌာနချုပ်များသို့ ဆက်သွယ်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းနှင့် ကုသရေးနှင့်ပတ်သက်၍ အလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲသူများ၊ ပူးပေါင်းပါဝင်သူများ၏ လုံခြုံရေးထိခိုက်မည့် ကိစ္စရပ်များအပေါ် ပြည်သူလူထုက ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ဆောင်ရွက်ရန်လိုပြီး ပါဝင်သည့် ပြည်သူလူထုကိုလည်း အသိအမှတ်ပြုရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# မုံရွာမြို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**မုံရွာ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အတွင်းရှိ သလ္လာရတနာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အနောက်မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့် တို့က အမှာစကားပြောကြားကာ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများထံ အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြရာ မုံရွာမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေး က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ကိုဗစ်–၁၉ ရောဂါပိုးရှိသူများနှင့် ထိစပ်သူများထားရှိမည့် Quarantine Center ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မုံရွာစီးပွားရေးတက္ကသိုလ် Quarantine Center တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးသည်။

ယင်းနောက် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ မိဘဂုဏ် Oxygen စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံမှ မုံရွာမြို့တွင် အောက်ဆီဂျင် လိုအပ်ချက်အနေဖြင့် နေ့စဉ်တစ်ရက်လျှင် လီတာ ၄၀ အိုး ၃၀၀ အထက် လိုအပ်လျက်ရှိရာ ယခင် အောက်ဆီဂျင်စက်အနေဖြင့် တစ်ရက်လျှင် လီတာ ၄၀ အိုး ၂၄၀ သာ ရရှိကြောင်း၊ ယခုတပ်ဆင်နေသော အောက်ဆီဂျင်စက်အသစ် ထပ်မံလည်ပတ်ပါက တစ်ရက်လျှင် လီတာ ၄၀ အိုး ၂၆၀ ကျော်ဖြင့် စုစုပေါင်း တစ်ရက်လျှင် လီတာ ၄၀ အိုး ၅၀၀ ကျော် ရရှိမည်ဖြစ်သဖြင့် မုံရွာမြို့တွင် လိုအပ်နေသည့် အောက်ဆီဂျင်ပြည့်မီပြီး ပိုလျှံပါက အနီးရှိမြို့များသို့လည်း ကူညီနိုင်မည်ကြောင်းနှင့် အောက်ဆီဂျင်ဖြည့်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

---



# ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင်အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၈၀ တန်ဖိုးရှိ ကုသရေးပစ္စည်းများလှူဒါန်း

**မိုးကောင်း ဇူလိုင် ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ကိုဗစ်–၁၉ ရောဂါ ကုသရေးတွင် အသုံးပြုရန်အတွက် ယနေ့ ညနေ ၄ နာရီက မိုးကောင်းမြို့ ကြေးစန္ဒီ တရုတ်ဗုဒ္ဓဘာသာ ဘုရားကျောင်း ကျောင်းသားဟောင်းများ အဖွဲ့မှ အသက်ရှူအထောက်အကူကိရိယာ အပါအဝင် ကုသရေးပစ္စည်းများကို ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုးကောင်းမြို့တွင် ပိုးတွေ့လူနာ များပြားနေခြင်းကြောင့် လိုအပ်သည့် ကုသရေးတွင် သုံးစွဲနိုင်ရန် မိုးကောင်းမြို့ ကြေးစန္ဒီ တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်း ကျောင်းသားဟောင်းများ အဖွဲ့မှ အောက်ဆီဂျင်အိုး ငါးလုံး၊ အသက်ရှူ အထောက်အကူကိရိယာ ငါးလုံး၊ PPE ဝတ်စုံ ၁၅၀၊ ခွဲစိတ်ခန်းသုံးလက်အိတ် ၁၀၇၊ ရိုးရိုးလက်အိတ် လေးဘူး၊ အောက်ဆီဂျင်အထောက်အကူပြုနှာခေါင်းစည်း၊ ဗီတာမင်စီ ၁၀၀၀ ပါ ငါးဘူး၊ စီဗစ်ဘူးကြီး ငါးဘူး၊ ပါရာစီတမော ဘူး ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ ကုသရေး ပစ္စည်းများကို လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကောင်းမြတ်စံနှင့် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ လက်ခံရယူခဲ့ကြောင်းသိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

---

# ပုဗ္ဗသီရိမြို့နယ်တွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိ

**ပုဗ္ဗသီရိ ဇူလိုင် ၁၈**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက် ခုတင်–၃၀၀ တွင် အောက်ဆီဂျင် အရည် တန် ၂၀ ရှိ တစ်နေ့လျှင်အောက်ဆီဂျင် လီတာ ၄၀ အိုး ၁၄၀၀ ဖြည့်တင်းပေးနိုင်သည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်စက်ရုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးဦးစီးဌာန အဆောက်အဦအထူးအဖွဲ့-၄မှ ဒေါ်နွယ်နီဝင်းက ကြီးကြပ်၍ ဆောက်လုပ်လျက်ရှိရာ အောက်ဆီဂျင် စက်ရုံ တည်ဆောက်ရေး ပစ္စည်းများ ၉၀ ရာခိုင်နှုန်း ရောက်ရှိနေပြီး အဆောက်အအုံမှာ ၅၅ ရာခိုင်နှုန်း တည်ဆောက် ပြီးစီးပြီ ဖြစ်သည်။ စက်ရုံပြီးစီးပါက နေပြည်တော်အတွင်းရှိ မြို့နယ်များအပြင် အောက်ဆီဂျင် လိုအပ်သောနေရာများသို့ ဖြန့်ဖြူးသွားနိုင်မည်ဖြစ်ကြောင်းနှင့် အောက်ဆီဂျင်စက်ရုံအား တစ်လအတွင်းအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း နေပြည်တော်တိုင်း လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



အောက်ဆီဂျင်စက်ရုံတည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# အခါရာသီရွှေ့ပေမယ့် . . .

သိုက်စိုးထွန်း(နတ်ရွာ)

**၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့။**

**ရန်ကုန်၊ အင်းလျားကန်ကျွန်းဆွယ်အထက်နားက ဂဠုန်ဦးစောရဲ့အိမ်မှာ တပည့်တပန်းတွေနဲ့ ယောက်ယက်ခတ်နေတယ်။ ခင်မောင်ရင်ဆိုတဲ့သူမောင်းမယ့် စစ်စိမ်းရောင်ဖို့ဒ်ဆန်ထရပ်ကား၊ ဘညွန့်၊ မှုန်ကြီးနဲ့ မောင်နီတို့ နောက်ကနေ ခုန်တက်အပြီးမှာ ဝေါခနဲထွက်လာတယ်။ အချိန်က နံနက် ၈ နာရီခွဲ။**

ဒါလဟိုဇီလမ်းနဲ့ ၄၂ လမ်းထောင့်မှာ ရပ်လိုက်တယ်။ မောင်နီက ကားစောင့်နေခဲ့ပြီး ကျန်သုံးယောက်က အတွင်းဝန်များရုံးကို အကဲခတ်လိုက်တယ်။ ပြီးတော့ ခင်မောင်ရင်က 'သူရိယ' သတင်းစာတိုက်ကဖုန်းနဲ့ သူ့ဆရာဆီကို ဆက်လိုက်တယ်၊ "ပစ္စတင်ကွင်းများ ရရှိပြီးပါပြီ"တဲ့။ ဒါက ဒီနေ့ အစည်းအဝေးလုပ်ဖြစ်တဲ့အကြောင်း လျှို့ဝှက်သတင်းပို့ချက်။



သတင်းရတာနဲ့ ဦးစောအိမ်က ကားတစ်စီး ထပ်ထွက်လာတယ်။ သုခမောင်းတဲ့ ဂျစ်ကား၊ ကားပေါ်မှာ စိုးသူ၊ မောင်စိန်၊ သက်နှင်း၊ ရန်ကြီးအောင်တို့ လူတစ်စု။ လူတွေက စစ်စိမ်းရောင်ဝတ်စုံတွေနဲ့။ လက်ထဲမှာက တော်မီဂန်းတွေ၊ စတင်းဂန်းတွေနဲ့။ အိမ်ကထွက်တော့ နံနက် ၁၀ နာရီ။

### တိုင်းပြည်အတွက် ကြေကွဲစရာကျရှုံးမှု

သေနတ်ပြောင်းဝချင်းရိုက်သံတွေ၊ လှေကားပေါ်ကို အပြေးတက်တဲ့ ခြေသံပြင်းဖိနပ်သံတွေ၊ ညိုးညိုးညံ့ညံ့အသံတွေ ကြားရပြီးတဲ့နောက် အတွင်းဝန်များရုံး အစည်းအဝေးခန်းမရဲ့ တံခါးပေါက်မှာ လူတစ်စု ဘွားခနဲပေါ်လာ၊ "မပြေးနဲ့၊ မထနဲ့"။ ဗိုလ်ချုပ်အောင်ဆန်းက ထအရပ်၊ "ပစ်…ပစ်….ပစ်" ဆိုတဲ့ မောင်စိုးရဲ့ အမိန့်ပေးသံနဲ့အတူ သေနတ်သံတွေတဒိုင်းဒိုင်း။ စက္ကန့်သုံးဆယ်လောက် မနားတမ်း ပစ်ခတ်ပြီးတဲ့အချိန်၊ ယမ်းခိုးယမ်းငွေ့တွေနဲ့မွှန်ထူနေတဲ့ခန်းမကြီးထဲမှာ ကျန်ရစ်ခဲ့တာက ခေါင်းဆောင်ကြီးတွေရဲ့ မြင်ရက်စရာမရှိတဲ့အဖြစ်ဆိုး။ အချိန်က နံနက် ၁၀ နာရီ ၃၇ မိနစ်။ သေနတ်ကိုယ်စီနဲ့ ရုံးထဲက ပြေးထွက်လာတဲ့သူတွေ ကြွေးကြော်ကြတာက "အောင်ပြီ၊ အောင်ပြီ" တဲ့။ သူတို့ရဲ့ အောင်ပြီ၊ အောင်ပြီ ဟစ်ကြွေးသံနဲ့ ပြုခဲ့တဲ့အမှုက တကယ်တော့ တိုင်းပြည်အတွက် ကြေကွဲစရာကျရှုံးမှုကြီးဖြစ်နေတာကို မသိကြလေရှော့သလား။

တကယ်တော့ ဒီကိစ္စကြီးမဖြစ်ခင်ကတည်းက မသင်္ကာစရာ ရှေ့ပြေးဖြစ်ရပ်တွေ ဖြစ်ခဲ့တာ။ ဇွန်လ ၂၄ ရက်နေ့မှာ ဗြိတိသျှစစ်တပ် ပင်မလက်နက်ခဲယမ်းသိုလှောင်ရေးတပ် 'ဘီအိုအေ'ကနေ ဘရင်းဂန်း၊ တော်မီဂန်း၊ စတင်းဂန်း မောင်းပြန်လက်နက်ခဲယမ်းတွေကို ပစ္စည်းထုတ်ပုံစံတုနဲ့ လူတစ်စုက ထုတ်သွားတာ။ သတင်းရဲတပ်ဖွဲ့ကသိတော့ သက်ဆိုင်ရာကို တင်ပြတယ်။ ဒီဖြစ်စဉ်အရ ပြည်ထဲရေးဝန်ကြီးတာဝန်ကို ခေတ္တယူထားတဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ် ဦးမြက ဗိုလ်ချုပ်ရဲ့ ရုံးခန်းအပြင်မှာ လုံခြုံရေးတပ်စိတ်တစ်စိတ်ချလိုက်တယ်။

သူ့ရုံးနားက လုံခြုံရေးတွေကို မြင်သွားတဲ့ ဗိုလ်ချုပ်က သူ့တပည့်ကို မေးသတဲ့။

"ဟေ့ကောင်၊ ငါ့ရုံးခန်းရှေ့က လက်နက်ကိုင်ရဲဘော်တွေက ဘာလုပ်တာလဲ"

"ပြည်ထဲရေးဝန်ကြီးက လိုအပ်တယ်ထင်လို့ လုံခြုံရေးအစောင့်ချထားတာပါ"

"မလိုပါဘူးကွာ။ ငါ့ကို ဘယ်သူကမှလည်း လုပ်ကြံမှာမဟုတ်ပါဘူး။ ငါကလည်း မစိုးရိမ်ပါဘူး။ ငါ့ရုံးခန်းရှေ့မှာ လက်နက်ကိုင်ရဲဘော်တွေ ချထားတာကို ငါမမြင်ချင်ဘူး။ ဒီတော့ မင်းကိုယ်တိုင် ခုချက်ချင်း ပြည်ထဲရေးဝန်ကြီး ဦးမြဆီသွားပြီး ငါက ညွှန်ကြားတယ်လို့ပြော။ ငါ့ရုံးခန်းရှေ့က လက်နက်ကိုင် ရဲဘော်တွေကို ချက်ချင်းပြန်ရုပ်ခိုင်းလိုက်။ ကဲ….မင်း အခုပဲ သွားပြောပေတော့"

ကိုယ့်လုံခြုံရေးထက် တိုင်းရေးပြည်ရာကိုသာ ရှေ့တန်းတင်ခဲ့တဲ့ ဗိုလ်ချုပ်၊ ကိုယ့်ကို ဘယ်သူကမှ လုပ်ကြံလိမ့်မယ်လို့မထင်ခဲ့တဲ့ ဗိုလ်ချုပ်။ သူနဲ့အတူ နိုင်ငံ့ခေါင်းဆောင်ကြီးတွေဟာ မသမာသူတစ်စုရဲ့ သေနတ်ပြောင်းဝမှာ မတန်မရာ ကျဆုံးခဲ့ကြရတယ်။ ကျဆုံးချိန်မှာ ဗိုလ်ချုပ်ရဲ့အသက်က ၃၂ နှစ်စွန်းစွန်းလေးပဲ ရှိသေးတာ။ လူ့သက်တမ်းရဲ့ သုံးပုံတစ်ပုံလောက်ပဲ နေရသေးတာ။ ကျန်တဲ့အာဇာနည်ကြီးတွေလည်း အရွယ်အကြီးဆုံးဖြစ်တဲ့ ဒီးဒုတ်ဦးဘချိုတောင် ၅၄ နှစ်ပဲ ရှိသေးတာ။ ရဲဘော် ကိုထွေးဆိုရင် ၁၈ နှစ်တဲ့။ သခင်မြက ၄၉ နှစ်၊ ဦးရာဇတ်က ၄၉ နှစ်၊ ဦးဘဝင်းက ၄၆ နှစ်၊ မန်းဘခိုင်က ၄၃ နှစ်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းက အသက် ၄၀၊ ဦးအုန်းမောင်က ၃၄ နှစ်။ ပြောရရင်တော့ တိုင်းပြည်အတွက် အလုပ်လုပ်လို့ အကောင်းဆုံးအရွယ်တွေမှာ ကျဆုံးသွားကြတာ။ သက်ဆိုင်ရာမိသားစုတွေအတွက်သာမက တိုင်းပြည်အတွက် ပြန်လည်အစားထိုးလို့မရနိုင်တော့တဲ့ ဆုံးရှုံးမှုကြီးတစ်ခု။ တိုင်းပြည်ရဲ့ အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးမှုကြီး၊ နိုင်ငံတော်လုပ်ကြံမှုကြီး။

### အခမ္မရယူဖို့ ကြိုးစားသူအတွက် နိဂုံးမလှတတ်

နိုင်ငံတော်လုပ်ကြံမှုကြီးကို ဦးဆောင်တဲ့သူက ဦးစော၊ သူကလည်း နယ်နယ်ရရပုဂ္ဂိုလ်တော့မဟုတ်။ ၁၉၄၀ ကနေ ၁၉၄၂ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူ။ သူရိယသတင်းစာတိုက်ပိုင်ရှင်၊ မျိုးချစ်ပါတီခေါင်းဆောင်။ လုပ်ကြံမှုကြီးကို သွေးအေးအေးနဲ့ဆောင်ရွက်ပြီးတဲ့အချိန်၊ ဗိုလ်ချုပ်မရှိတဲ့နောက်ပိုင်း၊ တိုင်းပြည်ကို သူပဲဦးဆောင်အုပ်ချုပ်ရတော့မယ်ဆိုတဲ့ အတွေးနဲ့၊ ဆာဟူးဘတ်ရန့်နဲ့ တွေ့ရင်ဝတ်မယ့် ဝတ်စုံကိုတောင် အိပ်ခန်းထဲမှာ ဖြန့်ထားလိုက်သေးသတဲ့။ တကယ်တမ်းကျတော့ ဝန်ကြီးချုပ်ဖြစ်မလာဘဲ အဖမ်းခံရပြီး ကြိုးစင်ပေါ်တက်သွားရတယ်။ အကြမ်းဖက်တဲ့နည်းနဲ့ အာဏာကို အခမ္မရယူဖို့ ကြိုးစားသူအတွက် နိဂုံးမလှတတ်ဘူးဆိုတာ နောက်မျိုးဆက်တွေအတွက် နမူနာဖြစ်စဉ် တစ်ခုဆိုပါတော့။

### ပြည်သူတစ်ရပ်လုံး ယူကျုံးမရ

တိုင်းပြည်လွတ်လပ်ရေးအတွက် အရေးတကြီး လုပ်ကိုင်ဆောင်ရွက်စရာတွေကို ခြေလှမ်းစိပ်စိပ်နဲ့ မနားတမ်းဆောင်ရွက်နေရတဲ့အချိန်၊ လွတ်လပ်ရေးရောင်နီသန်းလာတဲ့အချိန်မှာမှ ဒီအဖြစ်ဆိုးကြီးက ဖြစ်သွားခဲ့တယ်။ တိုင်းပြည်ဟာ ခလုတ်တိုက်၊ မှောက်လျက်လဲပြီး အကြီးအကျယ် အထိနာသွားခဲ့တယ်။ ပြည်သူတစ်ရပ်လုံး ယူကျုံးမရ ဖြစ်ခဲ့ကြရတယ်။ ဒီလိုဖြစ်စဉ်မျိုး ဘာကြောင့်ဖြစ်ပွားခဲ့ရသလဲ။ ပြန်လည်ချေဖျက်လို့ မရနိုင်တော့တဲ့ အမည်းစက်ကြီးတစ်ခု ဘာ့ကြောင့်စွန်းထင်းခဲ့ရသလဲ။ ဒီလိုအဖြစ်ဆိုးမျိုးတွေ နောက်နောင်မှာဖြစ်မလာဖို့ ဘာတွေပြင်ဆင်ကြရမလဲ။ မျိုးဆက်သစ်တွေဆီမှာ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ အတွေးနဲ့ အမြင်မတူသူတွေ၊ ပြိုင်ဘက်တွေကို ရက်ရက်စက်စက် သတ်ဖြတ်တတ်တဲ့ စရိုက်ဆိုးတွေ ထပ်ဝင်မလာအောင် ဘယ်လိုသွန်သင်မှုတွေ ပြုကြမလဲ။

အံ့ဩဖို့ကောင်းတာက အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံခဲ့သူကလည်း သူ့ကိုယ်သူ အာဇာနည်ပါလို့ ကမ္ပည်းတပ်ထားသေးတယ်။ **'သာယာဝတီ သူပုန်တောမှ အာဇာနည်ဂဠုန်စော'** တဲ့။ အာဇာနည်ဆိုတဲ့ စကားလုံးကို ဦးစော ဘယ်လိုကောက်ယူတယ် မသိပေမယ့် မြန်မာအဘိဓာန်ကတော့ **"(၁)အကြောင်း ဟုတ်မဟုတ်ကို ကောင်းစွာသိသောသူ။ (၂) သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"**လို့ ဖွင့်ဆိုပါတယ်။

အာဇာနည်ဆိုတဲ့ စကားလုံးအပေါ်မှာ ဦးစော ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုခဲ့တယ်ဆိုတာ မသိရပေမယ့် သူ့ရဲ့ ဖွင့်ဆိုကောက်ယူပုံက လွဲခဲ့တယ်လို့တော့ ကောက်ချက်ချစရာရှိပါတယ်။ စကားလုံးတစ်လုံးအပေါ်မှာ ကောက်ယူပုံလွဲရုံနဲ့ အကြံအစည်၊ အတွေးအခေါ်တွေမှားပြီး ပြောဆိုမှု၊ လုပ်ကိုင်မှုတွေ၊ လျှောက်တဲ့လမ်းစဉ်တွေ မှားသွားနိုင်တယ်ဆိုတာကို ဒီဖြစ်ရပ်က သက်သေခံနေပါတယ်။ အတွေးမှားတာက တစ်ယောက်တည်း၊ နစ်နာသွားတာက တစ်ပြည်လုံး။ တစ်ဦးတစ်ယောက်ရဲ့ အတွေးအမြင်လွဲချော်မှုက တိုင်းပြည်ကို အထိနာစေခဲ့တယ်ဆိုရင် အစုအဖွဲ့လိုက်လွဲမှားမှုက ပိုလို့သာ ဆိုးစရာရှိတော့တာပေါ့။ ဒါ့ကြောင့် ကိုယ်ကိုင်စွဲနေမိတဲ့ ဝါဒတစ်ခုက ဖြူစင်သန့်ရှင်းတဲ့ဝါဒ ဟုတ်၊ မဟုတ် အမြဲဝေဖန်ဆန်းစစ်နေသင့်ပါတယ်။

ဦးစောကတော့ အကျဉ်းစံကာလ သူ့သမီးဆီရေးတဲ့ စာတွေထဲမှာ ဒေါသ၊ အာဃာတတွေကြောင့် ဒီလိုကျူးလွန်မိတဲ့အတွက် သူမှားကြောင်းဝန်ခံထားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် နှောင်းခဲ့ပြီလေ၊ ပြန်ပြင်လို့မှ မရနိုင်တော့တာ။ သူ့လုပ်ရပ်ဟာ သူတစ်ယောက်တည်းရဲ့ အကြံအစည်က အစပျိုးပေါက်ဖွားလာတဲ့ လုပ်ရပ်ဖြစ်နိုင်သလို တခြားပယောဂတွေရဲ့ ပူးပေါင်းမှုကြောင့်လည်း ဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူကျူးလွန်တဲ့အမှုကြီးကတော့ လူ့အသိုင်းအဝိုင်းရဲ့ အော့နှလုံးနာစရာအမှုကြီးသာ ဖြစ်ပါတယ်။

### အသက်နဲ့ရင်း သမိုင်းသင်ခန်းစာ

အာဇာနည်ဆိုတဲ့အဓိပ္ပာယ်ကို လိုသလိုဖွင့်ဆိုပြီး ပုဂ္ဂိုလ်ရေးခံစားမှုတွေ၊ မကျေနပ်ချက်တွေ၊ ဣဿာ၊ မစ္ဆရိယစိတ်တွေကို ဖွင့်ချသွားခဲ့တဲ့ လုပ်ရပ်တစ်ခု တိုင်းပြည်မှာ ဖြစ်ခဲ့ပြီးပြီ။ အမည်းစက်ကြီး စွန်းခဲ့ပြီးပြီ။ နောက်နောင်အခါမှာ ဒီလိုအရုပ်ဆိုးအကျည်းတန်တဲ့ကိစ္စတွေ ထပ်မဖြစ်နိုင်တော့အောင် အကာအကွယ်ပေးနိုင်မယ့် စနစ်တွေကို ခိုင်ခိုင်မာမာ တည်ဆောက်ထားဖို့ လိုမှာပါ။ အာဇာနည်ဆိုတဲ့ စကားရပ်အပေါ် လိုသလိုအဓိပ္ပာယ်ကောက်ယူပြီး

*စာမျက်နှာ ၇ သို့*

တိုင်းပြည်လွတ်လပ်ရေးအတွက် အရေးတကြီး လုပ်ကိုင်ဆောင်ရွက်စရာတွေကို ခြေလှမ်းစိပ်စိပ်နဲ့ မနားတမ်းဆောင်ရွက်နေရတဲ့အချိန်၊ လွတ်လပ်ရေးရောင်နီသန်းလာတဲ့အချိန်မှာမှ ဒီအဖြစ်ဆိုးကြီးက ဖြစ်သွားခဲ့တယ်။ တိုင်းပြည်ဟာ ခလုတ်တိုက်၊ မှောက်လျက်လဲပြီး အကြီးအကျယ် အထိနာသွားခဲ့တယ်။ ပြည်သူတစ်ရပ်လုံး ယူကျုံးမရဖြစ်ခဲ့ကြရ

# အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၆ မှ*

ကိုယ်သတ်လိုသူကို သတ်ဖြတ်နေသူတွေ ပစ္စက္ခ အချိန်မှာ ရှိ၊ မရှိ မေးခွန်းထုတ်ပြီး ရလာတဲ့အဖြေအတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြုကြရမှာပါ။ အမျိုးသားခေါင်းဆောင်ကြီးတွေရဲ့ အသက်နဲ့ရင်းပြီးရခဲ့တဲ့ သမိုင်းသင်ခန်းစာကို ကျေကျေညက်ညက် နားလည်သဘောပေါက်ကြရမှာပါ။

**အကြမ်းဖက်လမ်းစဉ် မလျှောက်လှမ်းသင့်**

လုပ်ကြံသတ်ဖြတ်တဲ့နည်းလမ်းကို အသုံးပြုတဲ့ ဝါဒမှန်သမျှက အကြမ်းဖက်ဝါဒသာဖြစ်တဲ့အကြောင်း၊ အကြမ်းဖက်လမ်းစဉ်ကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ မလျှောက်လှမ်းသင့်တဲ့အကြောင်း၊ အကြမ်းဖက်ဝါဒဟာ ရွံမုန်းစရာ၊ ထိတ်လန့်ကြောက်ရွံ့စရာဝါဒတစ်ခုသာ ဖြစ်တဲ့အကြောင်း မျိုးဆက်အားလုံး သဘောပေါက်နားလည်ဖို့ကြိုးစားကြရမှာပါ။ ဖြစ်ခဲ့ပြီးတာတွေကိုတော့ ပြန်လည်ပြုပြင်လို့ မရနိုင်တော့ပါဘူး။ အနာဂတ်ကိုသာ တတ်စွမ်းသမျှ လှပအောင်ထုဆစ် ပုံဖော်နိုင်ဖို့ ကြိုးပမ်းကြရတော့မှာပါ။

အကြမ်းဖက်ဝါဒကျင့်သုံးသူဆိုတာကလည်း ဆန်းတော့အဆန်းသား။ အမျိုးသားခေါင်းဆောင်ကြီးတွေကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ဂဠုန်ဦးစောကိုယ်တိုင်တောင်မှ **'သူ၏ နိုင်ငံရေးသက်တမ်းအနှစ် ၃၀ အတွင်း သူသည် အကြမ်းမဖက်မှုကိုအစဉ်သဖြင့် အခိုင်အမာယုံကြည်သူဖြစ်ခဲ့သည့်အတွက် ဘညွန့်နှင့် သူ၏ အပေါင်းအသင်းများ ဤကဲ့သို့ မိုက်မိုက်ကန်းကန်းဆင်ကန်းတောတိုးသကဲ့သို့ ကောက်ကျစ်ယုတ်မာလွန်းစွာ ပူးပေါင်းကြံစည်ကျူးလွန်ခဲ့သည့်ပြစ်မှုမျိုးကို သူ့အနေဖြင့် ထောက်ခံခွင့်ပြုပေးစရာ အကြောင်းမရှိ'ကြောင်း** ရုံးတော်ရှေ့မှောက်မှာ ထွက်ဆိုခဲ့ပါသေးသတဲ့။ အကြမ်းဖက်မှုကျူးလွန်သူတွေဟာ ကိုယ့်ကိုယ်ကိုယ် အကြမ်းဖက်မှုကျူးလွန်ပါတယ်လို့ ဝန်ခံလေ့မရှိတဲ့အကြောင်း နမူနာတစ်ရပ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လူ့အသိုင်းအဝိုင်းမှာ အကြမ်းဖက်မှုမှန်သမျှ ကင်းစင်သွားဖို့ အားလုံးဝိုင်းဝန်း ကြိုးပမ်းကြရမှာပါ။

အမျိုးသားခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ အာဇာနည်နေ့ရောက်လေတိုင်းမှာ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ဆင်ခြင်ကြရမှာပါ။ ကိုယ်ကိုယ်တိုင်ဆင်ခြင်ရုံမက မျိုးဆက်သစ်လူငယ်တွေရဲ့ ရင်ထဲနှလုံးထဲမှာလည်း အာဇာနည်ဆိုတဲ့အဓိပ္ပာယ်၊ အာဇာနည်စိတ်ဓာတ်နဲ့ လုပ်ရပ်၊ အာဇာနည်တို့ရဲ့လမ်းစဉ်တွေ ကိန်းအောင်းလာအောင်၊ အာဇာနည်ခေါင်းဆောင်ကြီးတွေအပေါ် လေးစားကြည်ညိုစိတ် တိုးပွားလာအောင် အသိပညာလက်ဆင့်ကမ်းမှုတွေ ပြုကြရမှာပါ။

အာဇာနည်နေ့မှာ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားမြတ်နိုးစိတ်နဲ့ ဦးညွတ်အလေးပြုကြမယ်။ လွမ်းဆွတ်စိတ်နဲ့ သတိတရ လွမ်းသူ့ပန်းခွေချကြမယ်။ ကောင်းရာသုဂတိ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး ပြုသမျှကုသိုလ်တွေကို ရည်စူးအမျှဝေမှုတွေ ပြုကြမယ်။ ခေါင်းဆောင်ကြီးတွေ လျှောက်လိုခဲ့တဲ့ လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းဖို့ အဓိဋ္ဌာန်တွေပြုကြမယ်။ ကျေးဇူးရှိခဲ့သူတွေအတွက် ကျေးဇူးသိတတ်စွာနဲ့ ကျေးဇူးဆပ်နိုင်ဖို့ ကြိုးစားကြရမယ်။

**တစ်ပြည်လုံး ကြေကွဲဝမ်းနည်းဖွယ်**

အာဇာနည်နေ့မှာ ဥသြသံတွေလည်း ဆူဆူညံညံရှိနေလိမ့်မယ်။ အာဇာနည်ဗိမာန်မှာ၊ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ အာဇာနည်ကြီးတွေရဲ့ ရုပ်တုတွေ၊ ရုပ်ပုံတွေရှေ့မှာ လွမ်းသူ့ပန်းခွေတွေ ချကြလိမ့်မယ်။ ပြည်သူအားလုံးက အလေးပြုကြလိမ့်မယ်။ လွမ်းမျက်ရည်တွေလည်း စို့ရွဲကြလိမ့်မယ်။ ဒီနေ့မှာ တေးပြုစာဆို ဂီတာတင်အုန်းရဲ့ အလေးပြုပါတယ်ဆိုတဲ့သီချင်းသံက တစ်ပြည်လုံးမှာ ကြေကွဲဝမ်းနည်းဖွယ်ရာ ဝေ့ဝဲလွင့်ပျံ့နေလိမ့်မယ်။

"နှစ်လနာရီ အခါရာသီရွှေ့ပေမယ့် အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ ယနေ့ဖြင့်သတိတရားထားဖို့အခြေ အများပြည်သူတွေ အများပြည်သူတွေ အာဇာနည်နေ့ကိုလေ တွေးရှုကာပဲ အလေးပြုပါမယ်လေ"။

## ချောက်မြို့နယ်ရှိ ကျေးရွာ ၂၂ ရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ချောက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ တစ်ရွာလျှင် ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ ချောက်မြို့နယ်၌ စီမံကိန်းလုပ်ငန်းများအဖြစ် ရေစင်တည်ဆောက်ခြင်းနှင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ခြောက်ခု၊ Solar Pump တပ်ဆင်ခြင်းလုပ်ငန်းတစ်ခု၊ မီးလင်းရေးလုပ်ငန်း ၁၂ ခု၊ ကျေးရွာအဝင်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု၊ ကျေးရွာဘက်စုံသုံး ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်း တစ်ခုတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မေသက်နိုင်က ပြောသည်။

ချောက်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကျေးရွာ ၂၂ ရွာအပါအဝင် စုစုပေါင်း ၅၆ ရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် စီမံကိန်းများ ရွေးချယ်ရာတွင် ကျေးရွာ၏ အဓိကလိုအပ်ချက်များကို ကျေးရွာနေပြည်သူများ၏ သဘောဆန္ဒဖြင့် ရွေးချယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့် အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**စိုးမိုးကျော်**

## ယမ်းခိုးဝေသော ထိုတစ်နေ့

❖ ဇူလိုင်ဆယ့်ကိုး၊ ပဇ္ဇုန်မိုးကား
အငြိုးနှင့်ရွာ၊ ရှစ်မျက်နှာဝယ်
အုံ့ကာမှောင်မည်း၊ မိုးသည်း
သည်းတည့်။

❖ တဒုန်းဒုန်းလျှင်၊ အတွင်းဝန်ရုံး
ဝရုန်းသုန်းကား၊ ခြေသံများစွာ
ကြားမြင်လိုက်ရ၊ တစ်ခဏသည်
လှေကားဆီမှာ၊ ပြေးတက်လာကြ
ယုတ်မာရက်စက်၊ ဆွဲလက်နက်ဖြင့်
စက္ကန့်မကြာ၊ စည်းဝေးရာသို့
လျင်စွာမဆိုင်း၊ ထင်ရာစိုင်းကာ
ဒိုင်းဒိုင်းဒက်ဒက်၊ အဆက်မပြတ်
တရစပ်မျှ၊ ပစ်ခတ်လေရာ
ကမ္ဘာပြိုပျက်၊ ငရဲပွက်သို့
ပက်လက်တုံးလုံး၊ အတုံးရုံးတည့်
ကျဆုံးရှာပြီ၊ ကိုးဇာနည်တို့
သက်ဇီဝိန်ချွေ၊ ခန္ဓာကြွေခဲ့
မသွေမျှော်မှန်း၊ လွတ်လပ်ပန်းကား
လက်တစ်ကမ်းသာ၊ ကွာဝေးရှာပြီ
မြန်မာပြည် သွေးချောင်းစီးခဲ့ပြီ
တည်း။

❖ တစ်တိုင်းပြည်လုံး၊ ကြိမ်မီးအုံးသို့
ယူကျုံးမရ၊ ခံစားရသည်
စီးကျမျက်ရည်၊ ဖြေမဆည်နိုင်
ကမ္ဘာတည်တိုင်၊ မမေ့နိုင်ဘူး
ဇူလိုင်ဆယ့်ကိုး၊ နေ့ဂြိုဟ်ဆိုးကား
ယမ်းခိုးဝေခဲ့ပြီတကား။

(၇၄-နှစ်မြောက်အာဇာနည်နေ့သို့)

မောင်လွမ်းရည် (ရွှေတောင်)

# သတိပြုကာကွယ် တတိယလှိုင်းအန္တရာယ်

**အောင်ရှင်း**


ယခုအချိန်ကာလ ကမ္ဘာပေါ်မှာ ဘယ်အကြောင်းအရာက အရေးအကြီးဆုံးဖြစ်နေပါသလဲလို့မေးလာခဲ့ရင်အရာအားလုံးထက်အရေးအကြီးဆုံးက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေမှု အကျပ်အတည်းကနေ အမြန်ဆုံးလွန်မြောက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလို ကျော်လွှားလွတ်မြောက်နိုင်ဖို့အတွက် ကမ္ဘာပေါ်မှာ မတူကွဲပြားခြားနားမှုတွေကို ဘေးချပြီး နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ၂၃-၃-၂၀၂၀ ရက်နေ့မှာ စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ပထမလှိုင်းနဲ့ဒုတိယလှိုင်း နှစ်ခု ပေါင်းရင် ပိုးတွေ့ရှိတဲ့လူနာပေါင်း ၁၄၃,၃၁၈ ဦးရှိခဲ့ပြီး ၁၄၀,၁၀၂ ဦး ပြန်လည်ကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇ ရာခိုင်နှုန်းက ကိုဗစ်-၁၉ ရောဂါပိုးကို ခုခံကာကွယ်နိုင်တဲ့ ကိုယ်ခံစွမ်းအားကို ရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်ခဲ့ကြတာဖြစ်ပါတယ်။

ယခု ၂၇-၅-၂၀၂၁ ရက်ကနေ စတင်သတ်မှတ်တဲ့ တတိယလှိုင်းမှာတော့ ၁၅-၇-၂၀၂၁ ရက်နေ့အထိ စစ်ဆေးသူ ၃၀၀,၅၃၃ ဦးမှာ ပိုးတွေ့သူ ၆၅,၇၆၆ ဦးနဲ့ သေဆုံးသူ ၁၀၄၈ ဦး ရှိနေတာဖြစ်ပါတယ်။ သို့သော်လည်း ပိုးတွေ့ရှိသူဦးရေနဲ့ သေဆုံးတဲ့လူဦးရေကို ရာခိုင်နှုန်းအရ တွက်ချက်ကြည့်မယ်ဆိုရင်တော့ ပထမလှိုင်း (၅ လနီးပါး) မှာ ၃ ဒသမ ၇ ရာခိုင်နှုန်း၊ ဒုတိယလှိုင်း (၉ လကျော်ကျော်) မှာ ၂ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ပေမယ့် တတိယလှိုင်း (၁ လခွဲကျော်ခန့်) မှာတော့ ၁ ဒသမ ၅၉ ရာခိုင်နှုန်း ရှိနေပါတယ်။ ယခုလက်ရှိ ကိန်းဂဏန်းတွေအရတော့ ဗီဇပြောင်း ကိုဗစ်ရောဂါပိုးဟာ ကူးစက်နှုန်းမြင့်မားလာတာနဲ့ အမျှ သေဆုံးမှုတွေလည်း မြင့်တက်လာနိုင်ပါတယ်။

## ဘာကြောင့် ကူးစက်မြန်ရသလဲ

ဘာကြောင့်ကူးစက်မြန်ရပါသလဲလို့မေးရင်တော့ ယခင်မူလ ဗိုင်းရပ်စ်ကနေ သန္ဓေပြောင်းလာတဲ့ မျိုးကွဲများကြောင့်လို့ နားလည်လွယ်အောင် ဖြေရပါလိမ့်မယ်။ ယခုမြန်မာနိုင်ငံမှာ တွေ့ရှိနေရပြီဖြစ်တဲ့ အမျိုးအစားကတော့ စိုးရိမ်စရာအုပ်စုထဲမှာပါဝင်တဲ့ Delta Strain နဲ့ Alpha Strain တို့ပဲဖြစ်ပါတယ်။ မူလပထမ ကိုဗစ်ရောဂါပိုးဟာ ကူးစက်နိုင်မှုနှုန်း R0 ဂဏန်း အနေနဲ့ ၂ ဒသမ ၄ မှ ၂ ဒသမ ၆ အတွင်းမှာသာရှိပေမယ့်လည်း Alpha နှင့် Delta မျိုးကွဲသစ်တို့ရဲ့ R0 ဂဏန်းဟာ ၄ မှ ၅ နဲ့ ၅ မှ ၈ ထိ အသီးသီးရှိတာကို သိရှိရပါတယ်။ ဆိုလိုတာက တကယ်လို့ R0 ဂဏန်းဟာ ၂ ဖြစ်တယ်ဆိုပါစို့။ ရောဂါပိုးရဲ့ကူးစက်ပြန့်ပွားနှုန်းဟာ လူ ၁ ဦးမှ ၂ ဦး၊ ၂ ဦးမှ ၄ ဦး၊ ၄ ဦးမှ ၈ ဦး၊ ၈ ဦးမှ ၁၆ ဦး စသဖြင့် အဲဒီ R0 ဂဏန်းအတိုင်း ဆတိုးကူးစက်သွားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေအပါအဝင် အာရှနိုင်ငံအများစုမှာ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ မတူညီတဲ့ ဗီဇပြောင်းမျိုးကွဲသစ် Delta Coronavirus အမျိုးအစားကြောင့် ကူးစက်မှုနှုန်းတွေ စံချိန်တင်မြင့်တက်နေတာ ဖြစ်ပါတယ်။

ပြည်သူအများအနေနဲ့လည်း ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအပြောင်းအလဲမှာ ကိုဗစ်ရောဂါကို သတိလက်လွတ်ဖြစ်သွားခဲ့ပြီး သတ်မှတ်ထားတဲ့စည်းကမ်းတွေ လိုက်နာမှုအားနည်းခဲ့ပါတယ်။ ကပ်ရောဂါကာကွယ်တားဆီးရေးရှုထောင့်ကကြည့်ရင် ဘယ်လိုမှလက်ခံလို့မရတဲ့




အင်အား ရာထောင်ချီလူစုလူဝေးတွေဖြစ်ပေါ်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် CDM လှုပ်ရှားမှုများကြောင့် အားနည်းသွားခဲ့တဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကလည်း ရောဂါကူးစက်နှုန်း ထိန်းချုပ်တားဆီးရေးမှာ ကန့်သတ်ချက်တွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ဆောင်ရွက်နေမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကိုဗစ်ရောဂါပိုးရဲ့ သဘောသဘာဝနဲ့ ကူးစက်ပြန့်ပွားနိုင်မှုကို ကြိုတင်မျှော်တွေးထားခဲ့တာကြောင့် ကိုဗစ်ကာကွယ်တားဆီးရေးကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှာ ဒုတိယအချက်အနေနဲ့ ထည့်သွင်းရေးဆွဲထားတာကိုလည်း တွေ့ရပါတယ်။ ယခင်ကရောဂါဖြစ်ပွားခဲ့တဲ့အခြေအနေအရပ်ရပ်ကို သင်ခန်းစာယူပြီး လိုအပ်တဲ့ ပြင်ဆင်မှုတွေကို ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခုကာလအတွင်း ချက်ချင်းလက်ငင်းဆောင်ရွက်ရမယ့် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်လို့ ရနိုင်သမျှသော စွမ်းအားများကို စုစည်းကာ နည်းလမ်းပေါင်းစုံ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရေးပေါ်ကာကွယ်ထိန်းချုပ်ကုသဖို့ ဆောင်ရွက်နေတဲ့နေရာမှာ-

| | | |
|---|---|---|
| - Quarantine Center (အရပ်ဘက်) | ၉၃၃ နေရာ | (၄၄,၇၈၄ ဦး) |
| - Positive လူနာထားမည့်နေရာ (အရပ်ဘက်) | ၁၈၂ နေရာ | (၁၀,၂၃၉ ဦး) |
| - ကုသရေး Center (အရပ်ဘက်) | ၃၃၈ နေရာ | (၁၆,၄၅၂ ဦး) |
| စုစုပေါင်း | ၁,၄၅၃ နေရာ | (၇၁,၄၇၅ ဦး) |

| | | |
|---|---|---|
| - Quarantine Center (တပ်မတော်) | ၁,၁၉၄ နေရာ | (၃၂,၁၀၄ ဦး) |
| - Positive လူနာထားမည့်နေရာ (တပ်မတော်) | ၂၃ နေရာ | (၂,၉၉၈ ဦး) |
| - ကုသရေး Center (တပ်မတော်) | ၆၁ နေရာ | (၃,၈၇၀ ဦး) |
| စုစုပေါင်း | ၁,၂၇၈ နေရာ | (၃၈,၉၇၂ ဦး) |

စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ Stay at Home ကြေညာထားတဲ့ မြို့နယ် ၇၄ မြို့နယ်က မိုးလုံလေလုံအားကစားခန်းမနဲ့ စာသင်ကျောင်းတွေအပြင် Cyclone Shelter တွေမှာ လိုအပ်ရင် Quarantine Center တွေဖွင့်ဖို့ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။

တပ်မတော်အနေနဲ့ ကပ်ရောဂါကာကွယ်တားဆီးကုသရေးမှာ ယခင်ကလည်းကူညီခဲ့သလို ယခုလည်းအစွမ်းကုန်ကူညီဆောင်ရွက်နေပါတယ်။ ကျန်းမာရေးဝန်ထမ်းအင်အားအနေနဲ့ တပ်မတော်ပါရဂူ ၃၃၉ ဦး အပါအဝင် စုစုပေါင်းတပ်မတော်သား ကျန်းမာရေးဝန်ထမ်း ၅,၈၁၈ ဦးကို ကိုဗစ်ရောဂါ ကာကွယ်ကုသရေးအတွက် သီးခြားတာဝန်ပေး အင်အားဖြည့်တင်းပြီး အရပ်ဘက်ကျန်းမာရေးဝန်ထမ်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ CDM မလုပ်ဘဲ ကျင့်ဝတ်သိက္ခာနဲ့ညီတဲ့ နိုင်ငံ့ဝန်ထမ်းကောင်း အရပ်ဘက် ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်း ၁၉,၁၄၅ ဦးဟာ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများမှာ တာဝန်ထမ်းဆောင်လျက်ရှိနေကြတယ်လို့ သိရှိရပါတယ်။ သယ်ယူပို့ဆောင်ရေးအနေနဲ့ အရပ်ဘက်လူနာတင်ယာဉ် ၁,၀၈၀ စီးနဲ့ စစ်ဘက်လူနာတင်ယာဉ် ၁၀၀ စီး စီစဉ်ထားရှိပြီး ကာကွယ်၊ ကုသရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာမှာ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်တွေကို လိုအပ်သလို အသုံးပြုလျက်ရှိပါတယ်။

တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ပရဟိတအဖွဲ့တွေ၊ စေတနာရှင်ဝန်ထမ်းတွေပူးပေါင်းပြီး Mask ကမ်ပိန်းတွေ ပြုလုပ်တာ၊ အခမဲ့ ဖြန့်ဝေပေးတာတွေ၊ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးတာတွေ တစ်နိုင်ငံလုံးအနေနဲ့ နေ့စဉ်ဆောင်ရွက်နေကြတာကိုလည်း မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ယခင် NLD အစိုးရလက်ထက်မှာ Mask ခြောက်သောင်းလောက် အခမဲ့ဝေဖို့ အခက်အခဲရှိခဲ့ပေမယ့်၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာတော့ ဇွန်လတစ်လအတွင်းမှာတင် Mask ၁၂ သန်းလောက် အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ထပ်လစဉ် Mask ၁၀ သန်းအထက်နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ၅ သန်းလောက် ဖြန့်ဝေပေးဖို့လည်း စီစဉ်နေပါတယ်။ ကိုဗစ်ကာကွယ်ရေးအတွက် သုံးစွဲရမယ့် ဘဏ္ဍာငွေကို ကန့်သတ်မထားဘဲ ရုရှားနိုင်ငံကနေ တစ်ကြိမ်မှာ (၁ နာရီနဲ့ ၃၀ မိနစ်အတွင်း) လူဦးရေ ၁၄၀ ကို စစ်ဆေးပေးနိုင်တဲ့ PT-PCR စနစ် ရောဂါစစ်ဆေးစက် သုံးလုံး ဝယ်ယူထားပါတယ်။

> **"ယခုမြန်မာနိုင်ငံမှာ တွေ့ရှိနေရပြီဖြစ်တဲ့ အမျိုးအစားကတော့ စိုးရိမ်စရာအုပ်စုထဲမှာပါဝင်တဲ့ Delta Strain နဲ့ Alpha Strain တို့ပဲဖြစ်ပါတယ်။ မူလပထမ ကိုဗစ်ရောဂါပိုးဟာ ကူးစက်နိုင်မှုနှုန်း R0 ဂဏန်းအနေနဲ့ ၂ ဒသမ ၄ မှ ၂ ဒသမ ၆ အတွင်းမှာသာရှိပေမဲ့လည်း Alpha နှင့် Delta မျိုးကွဲသစ်တို့ရဲ့ R0 ဂဏန်းဟာ ၄ မှ ၅ နဲ့ ၅ မှ ၈ ထိ အသီးသီးရှိတာကို သိရှိရပါတယ်။ ဆိုလိုတာက တကယ်လို့ R0 ဂဏန်းဟာ ၂ ဖြစ်တယ်ဆိုပါစို့။ ရောဂါပိုးရဲ့ကူးစက်ပြန့်ပွားနှုန်းဟာ လူ ၁ ဦးမှ ၂ ဦး၊ ၂ ဦးမှ ၄ ဦး၊ ၄ ဦးမှ ၈ ဦး၊ ၈ ဦးမှ ၁၆ ဦး စသဖြင့် အဲဒီ R0 ဂဏန်းအတိုင်း ဆတိုးကူးစက်သွားတာဖြစ်"**

*စာမျက်နှာ ၉ သို့*

**"လက်ရှိ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုပမာဏနဲ့ အမှန်တကယ် အသုံးလိုတဲ့ပမာဏ လုံလောက်တဲ့အခြေအနေရှိပေမယ့် ဒါကို မသမာသူတွေက အောက်ဆီဂျင်လိုအပ်ချက်ကို နိုင်ငံရေးအောက်လုံးထိုးပြီး အဖျက်အမှောင့်လုပ်ဆောင်နေကြလို့ ပြည်သူလူထုအတွင်း အောက်ဆီဂျင် မလုံလောက်ဘူးဆိုတဲ့ စိုးရိမ်မှုတွေ မြင့်တက်နေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရောဂါဖြစ်ပွားသူ၊ အောက်ဆီဂျင် လိုအပ်သူ၊ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုတွေ၊ ထပ်မံလိုအပ်လာနိုင်တဲ့ အခြေအနေတွေကို အသေးစိတ်တွက်ချက်ပြီး အောက်ဆီဂျင် လိုအပ်ချက်ဖြည့်ဆည်းဖို့ စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်"**

*စာမျက်နှာ ၈ မှ*

ယခုအချိန်အထိ မြန်မာနိုင်ငံမှာ လူဦးရေ ၃ ဒသမ ၃၇ သန်း (သုံးသန်းသုံးသိန်း ခုနစ်သောင်းကျော်) ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး အိန္ဒိယ၊ တရုတ်နဲ့ ရုရှားနိုင်ငံတွေကနေ ကာကွယ်ဆေးတွေ ဝယ်ယူထားပါတယ်။ ရုရှားနိုင်ငံက ကာကွယ်ဆေး နှစ်သန်းခန့်ဝယ်ယူဖို့သဘောတူညီခဲ့ပြီး တရုတ်နိုင်ငံကလည်း ငါးသန်း ဝယ်ယူထားပါတယ်။ ဇူလိုင်လထဲမှာ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။

ရုရှားနိုင်ငံနဲ့ ကိုဗစ်ကာကွယ်ဆေးပူးပေါင်း ထုတ်လုပ်ဖို့အထိ ဆောင်ရွက်နေပြီး မကြာမီလေ့လာသုံးသပ်ရေးအဖွဲ့ လာရောက်တော့မှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့လည်း ကိုဗစ်ရောဂါကာကွယ်ဆေးကို Ready to Fill Bulk (RTF) စနစ်နဲ့ ပူးပေါင်းထုတ်လုပ်ဖို့ စီစဉ်နေပြီး ဆေးဝါးထုတ်လုပ်တဲ့ကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ နှစ်ကြိမ် ဆွေးနွေးပြီး ဖြစ်ပါတယ်။

## ကပ်ရောဂါကို နိုင်ငံရေးအရအသုံးမချသင့်

ဒီလိုရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေ နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေပေမယ့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ယနေ့ကြုံတွေ့နေရတဲ့ တတိယလှိုင်းနဲ့ အရင်က ပထမ၊ ဒုတိယလှိုင်း အခြေအနေတွေကို လွဲမှားစွာ ချိန်ထိုးနှိုင်းယှဉ်ပြီး ပြောဆိုရေးသားနေတာတွေကို တွေ့ရှိလာရပါတယ်။

ဆိုးရွားတဲ့အချက်ကတော့ ဒီလောက်ပြည်သူလူထု စိုးရိမ်ပူပန်ကြီးစွာနဲ့ ကျန်းမာရေးအခက်အခဲဖြစ်နေရတဲ့အချိန်မှာ လူတချို့က ကပ်ရောဂါကို နိုင်ငံရေးအရ အသုံးချနေကြခြင်းပါ။ ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို အနှောင့်အယှက်ဖြစ်အောင် မဟုတ်မမှန်သတင်းအမျိုးမျိုး ထုတ်လွှင့်နေကြတဲ့အပြင် ကိုဗစ်စစ်ဆေးရေးဂိတ်တွေနဲ့ ကိုဗစ်ကာကွယ်ရေး ပရဟိတလုပ်နေသူတွေကို အကြမ်းဖက်တိုက်ခိုက်တဲ့အထိ ယုတ်မာစွာ လုပ်ဆောင်နေကြတာကို စိတ်မကောင်းစရာ မြင်တွေ့နေရပါတယ်။

ဒ့ါအပြင် **ဈေးကွက်အတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းတွေ ဈေးနှုန်း မြင့်တက်လာစေဖို့နဲ့ ပြည်သူလူထုအကြား စိုးရိမ်မှုတွေ ကြီးထွားလာစေဖို့ ကိုဗစ်ကာကွယ်တားဆီးရေး ပစ္စည်းတွေနဲ့ အောက်ဆီဂျင်တွေတင်သွင်းဖို့ ရပ်ဆိုင်းတယ်ဆိုတဲ့ စာအတုတစ်စောင် လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ပျံ့နှံ့ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကိုထိခိုက်ဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံရေးအစွန်းရောက်တွေရဲ့ မိုက်မဲတဲ့ နိုင်ငံရေးအောက်လုံးတွေ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာရေးအခက်အခဲကို အသုံးချပြီး နိုင်ငံရေးအစွန်းရောက်တွေက နိုင်ငံရေးအကျိုးအမြတ်ကို ဖန်တီးနေကြတာ ဖြစ်ပါတယ်။ အားလုံးပူးပေါင်းပြီး ကာကွယ်တားဆီးကြရမယ့်အချိန်ကြီးမှာ ကိုဗစ်ရောဂါကူးစက်နှုန်း မြင့်မားနေမှုကို နိုင်ငံရေးတိုက်ကွက်အနေနဲ့ အသုံးချနေကြတာဟာ အလွန်ဆိုးရွားတဲ့ လုပ်ရပ်၊ မလုပ်သင့်တဲ့လုပ်ရပ်လို့ပဲ ပြောချင်ပါတယ်။**

**အဲ့သလို ကိုဗစ် ၁၉ ရောဂါကို နိုင်ငံရေးလက်နက်သဖွယ်အသုံးပြုပြီး မဟုတ်မမှန်တဲ့ သတင်းအချက်အလက် အမှားတွေပေးနေတာ၊ ရောဂါပိုးပျံ့နှံ့အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေတာတွေဟာ ပြည်သူလူထုရဲ့ အသက်အန္တရာယ်၊ ဘေးအန္တရာယ်ဖြစ်အောင် တိုက်ရိုက်ခြိမ်းခြောက်နေတာဖြစ်လို့ ဇီဝနည်းအရ အကြမ်းဖက်မှုလို့ခေါ်တဲ့ Bioterrorism လုပ်ဆောင်ခြင်းမြောက်ပါတယ်။** ဒီလိုမျိုး သတင်းအမှားတွေ၊ မဟုတ်မမှန်ပြောကြားချက်တွေကို ပြည်သူလူထုကြီး နားမယောင်မိကြဖို့ အထူးအရေးကြီးပါတယ်။

## ယခုလတ်တလော အောက်ဆီဂျင်ပြဿနာ

ယခုလတ်တလောဖြစ်ပွားနေတဲ့ အောက်ဆီဂျင်ပြဿနာရဲ့ အဓိကအကြောင်းအရင်းက ရောဂါကူးစက်မှု မြင့်တက်လာတာကြောင့် ပြည်သူလူထုရဲ့စိုးရိမ်ကြောင့်ကြမှုနဲ့ Quarantine စနစ်ပြောင်းလဲသွားမှုကြောင့် ဖြစ်ပါတယ်။ ဒီရောဂါရဲ့ သဘောသဘာဝအရ ဖြစ်ပွားသူအရေအတွက် များစွာက ရောဂါလက္ခဏာအနည်းငယ်သာ ခံစားရပြီး အချိန်ကာလတစ်ခုအတွင်းမှာ သက်သာပျောက်ကင်းသွားကြတာ ဖြစ်ပါတယ်။ မူလရောဂါအခံရှိနေသူတွေနဲ့ ကိုယ်ခံအားလျော့နည်းနေသူတွေအတွက်သာ စိုးရိမ်စရာဖြစ်ပါတယ်။ ရောဂါအပြင်းအထန်ခံစားနေရသူတွေတောင်မှ အောက်ဆီဂျင်အသုံးပြုမှုကို သက်ဆိုင်ရာကျွမ်းကျင်သူတွေရဲ့ ညွှန်ကြားချက်နဲ့သာ ဆောင်ရွက်သင့်တဲ့ကိစ္စဖြစ်ပါတယ်။

သို့သော်လည်း ရောဂါကူးစက်မှု ရုတ်တရက်မြင့်မားလာတဲ့အခါမှာ စိုးရိမ်ကြောင့်ကြ စိတ်ကြောင့် အောက်ဆီဂျင်အိုးတွေ ရှာဖွေဝယ်ယူကြတာ၊ စုဆောင်းသိမ်းဆည်းတာတွေ ရှိလာပါတော့တယ်။ သတင်းအမှားတွေနဲ့ ပေါင်းစပ်တဲ့အခါမှာ အောက်ဆီဂျင်ဝယ်လိုအားက ရုတ်တရက်မြင့်မားလာခဲ့ပြီး အမှန်တကယ်လိုအပ်သူတွေထံကို အောက်ဆီဂျင်လိုအပ်သလောက် အချိန်မီမရရှိခဲ့တာတွေ ဖြစ်ခဲ့ရပါတယ်။ အောက်ဆီဂျင်ကို အမှန်တကယ် မဖြစ်မနေလိုအပ်နေတဲ့ ရောဂါဖြစ်ပွားနေသူ ရာခိုင်နှုန်းနည်းပေမယ့် အောက်ဆီဂျင်ကို ဝယ်ယူလိုတဲ့ဝယ်လိုအား ရာခိုင်နှုန်းကများနေခြင်း ဖြစ်ပါတယ်။

**လက်ရှိ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုပမာဏနဲ့ အမှန်တကယ် အသုံးလိုတဲ့ပမာဏ လုံလောက်တဲ့အခြေအနေရှိပေမယ့် ဒါကို မသမာသူတွေက အောက်ဆီဂျင်လိုအပ်ချက်ကို နိုင်ငံရေးအောက်လုံးထိုးပြီး အဖျက်အမှောင့်လုပ်ဆောင်နေကြလို့ ပြည်သူလူထုအတွင်း အောက်ဆီဂျင် မလုံလောက်ဘူးဆိုတဲ့ စိုးရိမ်မှုတွေ မြင့်တက်နေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရောဂါဖြစ်ပွားသူ၊ အောက်ဆီဂျင်လိုအပ်သူ၊ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုတွေ၊ ထပ်မံလိုအပ်လာနိုင်တဲ့ အခြေအနေတွေကို အသေးစိတ်တွက်ချက်ပြီး အောက်ဆီဂျင်လိုအပ်ချက်ဖြည့်ဆည်းဖို့ စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။**

ပြည်သူတွေလိုအပ်နေတဲ့ အောက်ဆီဂျင်ပမာဏကို ပြည့်မီအောင် ထုတ်လုပ်နိုင်ဖို့အတွက် တစ်နေ့ကို အလုံးပေါင်း ၁,၄၄၀ ထုတ်လုပ်နိုင်မယ့် အောက်ဆီဂျင်စက်ရုံတစ်ခု တစ်လအတွင်း အမြန်တည်ဆောက်နေပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကိုဗစ်ရောဂါကာကွယ်ကုသမှုနဲ့ ပတ်သက်တဲ့ ဆေးဝါးနဲ့ ဆက်စပ် စက်ပစ္စည်းမှန်သမျှကို အချိန်နဲ့တစ်ပြေးညီ ခွင့်ပြုဆောင်ရွက်ပေးနေပါတယ်။ Oxygen Concentrator တင်သွင်းမယ်ဆိုရင် FDA ထောက်ခံချက်နဲ့ သွင်းကုန်လိုင်စင် လျှောက်ဖို့တောင် မလိုအပ်ဘဲ တင်သွင်းနိုင်ကြပါတယ်။ ဒ့ါကြောင့်လည်း ယခုရက်ပိုင်းအတွင်း တရုတ်နဲ့ ထိုင်းနယ်စပ်ဂိတ်တွေကနေ အောက်ဆီဂျင်အရည်နဲ့ အောက်ဆီဂျင်အိုးတွေတင်သွင်းပြီး လိုအပ်တဲ့နေရာတွေကို အမြန်ဖြန့်ဝေနေပြီ ဖြစ်ပါတယ်။ ဒ့ါအပြင် တပ်မတော်နဲ့ အရပ်ဘက်စက်မှုသုံး အောက်ဆီဂျင်စက်ရုံတွေက တိုးမြှင့်ထုတ်လုပ်ခြင်း၊ စက်အသစ်တွေ တိုးချဲ့တပ်ဆင်ထုတ်လုပ်ခြင်းတွေကို လုပ်ဆောင်နေတာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ရောဂါကူးစက်မှုနှုန်း မြင့်မားလာခြင်းနဲ့ ကျန်းမာရေးဝန်ထမ်း ကန့်သတ်ချက်တွေကြောင့် Quarantine ထားရှိတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးနေပါတယ်။ ပထမအဆင့်အနေနဲ့ ရောဂါပိုးရှိသူနဲ့ ထိတွေ့မိသူတွေကို မိမိအိမ်တွင်သာ သီးခြားနေထိုင်စေခြင်း ဆောင်ရွက်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ရောဂါအတည်ပြုလူနာတွေနဲ့ သီးသန့်စောင့်ကြည့်ရမယ့်လူနာတွေကို ဆေးရုံတွေနဲ့ Positive Center တွေမှာထားရှိပြီး အနီးကပ် စောင့်ကြည့်ကုသပေးလျက်ရှိပါတယ်။ တတိယအဆင့်မှာတော့ ရောဂါလက္ခဏာပြင်းထန်သူတွေကို ဆေးရုံတွေမှာ အထူးကြပ်မတ်ကုသမှုတွေ ဆောင်ရွက်ပေးတဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့် Positive လူနာတွေကို ဆေးရုံတွေက လက်မခံဘဲ ပြန်လွှတ်နေတယ်ဆိုတာ နားလည်မှုလွဲမှားခြင်း ဖြစ်ပါတယ်။ လူနာရဲ့ ရောဂါလက္ခဏာအပေါ်မူတည်ပြီး တက်ရောက်ကုသမှုခံရမယ့်နေရာတွေကို ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဟာ တတိယလှိုင်းရဲ့ ကူးစက်နှုန်းမြင့်မားမှုကြောင့် ကာကွယ်ကုသရေးလုပ်ငန်းတွေ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

## ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး

မြန်မာနိုင်ငံမှာတော့ ဒီနေ့ ကိုဗစ်ရောဂါကူးစက်မှုနှုန်းမြင့်မားနေခြင်းဟာ လက်ရှိဖြစ်ပွားနေတဲ့ မျိုးရိုးဗီဇကွဲရောဂါပိုးရဲ့ သဘောသဘာဝနဲ့ ပြည်သူတွေကျန်းမာရေး သတိလျော့နည်းသွားချိန်တိုက်ဆိုင်မှုကြောင့် ဖြစ်တယ်လို့ ကျန်းမာရေးပညာရှင်တွေက သုံးသပ်ထားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ကူးစက်နှုန်းကို ထိန်းသိမ်းနိုင်ဖို့နဲ့ လျှော့ချနိုင်ဖို့ဆိုတာက တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စရပ်မဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိနေတဲ့ **အဖွဲ့အစည်းတွေအားလုံး၊ ပြည်သူတွေအားလုံး ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်ကြီး ဖြစ်ပါတယ်။ မိမိအရေး၊ မိမိရဲ့မိသားစုအရေး၊ မိမိရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်ရဲ့ အရေးကနေ မြန်မာနိုင်ငံကြီးတစ်ခုလုံးအတွက် အသိတရားနဲ့ရော၊ သတိတရားနဲ့ပါ အားလုံးပူးပေါင်းကာကွယ်ရမယ့် အရေးကိစ္စဖြစ်ပါတယ်။**

ပြည်သူလူထုကြီးအနေနဲ့လည်း ကပ်ရောဂါကာကွယ်ရေး တားဆီးရေးအတွက် အဓိက ကတော့ နှာခေါင်းစည်းကို စနစ်တကျ တပ်ပါ။ လက်ဆေးပါ။ ၆ ပေ ခပ်ခွာခွာနေထိုင်ပါ။ လူစုလူဝေးရှောင်ပါ။ မလိုအပ်ဘဲ အပြင်မထွက်ကြဖို့ပါပဲ။ မိမိရဲ့ခန္ဓာကိုယ် ကိုယ်ခံစွမ်းအား မြင့်တက်စေမယ့် အစာတွေကို ရွေးချယ်စားဖို့၊ ပြည့်ဝစွာအနားယူဖို့နဲ့ နေ့စဉ်အနည်းဆုံး မိနစ် ၃၀ ခန့် လှုပ်ရှားမှုဆောင်ရွက်ဖို့လည်း အင်မတန်အရေးကြီးလှပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း လိုအပ်တဲ့ စစ်ဆေးကြပ်မတ်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခု ကူးစက်မြန်ကိုဗစ် ၁၉ ကပ်ရောဂါ ရင်ဆိုင်ခုခံကျော်လွှားနိုင်ရန် ပြည်သူအများစုကို ဇဝေဇဝါဖြစ်စေဖို့ရည်ရွယ်တဲ့ နိုင်ငံရေးရမ္မက်ဖုံးလွှမ်းတဲ့ လှုံ့ဆော်မှုတွေက ဒီကပ်ရောဂါဆိုးကြီးကို အောင်မြင်အောင်တိုက်ထုတ်ရာမှာ အဟန့်အတားဖြစ်စေပါတယ်။ သို့သော်လည်း **CDM မလုပ်ကြတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ အခြားပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းတွေက ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေပူးပေါင်းပြီး တတိယလှိုင်းကို ညီညီညွတ်ညွတ်နဲ့ အနစ်နာခံကာကွယ်တွန်းလှန်နေကြတာကိုမြင်ရတာက မျက်ရည်စို့ရလောက်အောင် ဝမ်းသာဂုဏ်ယူဖြစ်ရပါတယ်။ အချို့အထူးကုဆရာဝန်ကြီးတွေဆိုရင် ကိုယ်နဲ့ ကျွမ်းကျင်သက်ဆိုင်တဲ့ နယ်ပယ်ရပ်က မဟုတ်တာတောင်မှ ကိုဗစ်ကာကွယ်တားဆီးရေးအတွက် ဆန္ဒပြုပြီး ဆောင်ရွက်နေကြတာကို လေးစားဂုဏ်ယူဖွယ် တွေ့ရှိရပါတယ်။**

နိဂုံးချုပ်ရရင်တော့ အခုလိုအခြေအနေမျိုးမှာ နိုင်ငံရေးအရောင်အသွေး ခွဲခြားနေရမယ့်အချိန်၊ တိုက်ခိုက်နေရမယ့်အချိန်မဟုတ်ဘဲ အစိုးရနဲ့ပြည်သူ ရင်ချင်းဆက် ကျောချင်းကပ်ပြီး ကိုဗစ်ရောဂါကာကွယ် ထိန်းချုပ် ကုသရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ခံယူပြီး အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှသာ ကပ်ရောဂါကို အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်မှာဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်ရပါတယ်။ ။

# အိုဘယ့်မိခင် စာပေဂီတပညာရှင် ဆရာမကြီးစောမုံညင်း

ရှင်စောဖြူ(စာပေဗိမာန်)

*(ယမန်နေ့မှအဆက်)*

**မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှုနှင့် ဆိုကရေးတီး၏ ခြေလှမ်းများ**

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ သစ်ပင်ကြီးများ၏ ရေသောက်မြစ်နှင့် တူသည်ဟုလည်း တင်စားသင့်သည်။ မည်မျှပင် အားခွန်ဗလရှိစေကာမူ နှလုံးသည်းပွတ် ချွတ်ယွင်းသွားပါက အသက်ရှင်တော့မည် မဟုတ်ပေ။ ရေသောက်မြစ် ပြတ်သွားပါကလည်း အပင်ကြီး ဗုန်းဗုန်းလဲတော့မည်မှာ သေချာသည်။ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ အဆမတန် ကြွယ်ဝသောနိုင်ငံဖြစ်လင့်ကစား မိမိတို့စောင့်ရှောက်အပ်သောရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါတိမ်ကောသွားဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည်ဟူ၍ ခံယူထားသော ဆရာမကြီးက "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်တွင် တိမ်မြုပ်လုနီးဖြစ်နေသော ယဉ်ကျေးမှု အထောက်အထားများ၊ မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခဲ့ပုံများကို ရှာဖွေဖော်ထုတ်ရုံမကဘဲ မှတ်တမ်းမှတ်ရာများပါ ကျန်ရစ်ရလေအောင် ကြိုးပမ်းအားထုတ်ထားသည်ကို ဖတ်မှတ်သိရပြီးနောက် အံ့ဩမှင်တက်မိပါသည်။

ရှေးဟောင်းယဉ်ကျေးမှု အခြေခိုင်ခံ့ခဲ့သော တိုင်းပြည်တစ်ပြည်ဖြစ်ခဲ့သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ဆက်စပ်မှုများ ရှိလင့်ကစား ကိုယ်ပိုင်အနုပညာစာပေနှင့် ယဉ်ကျေးမှုတို့တွင် မြန်မာ့စရိုက်၊ မြန်မာ့ဟန်ဖြင့်သာ အများဆုံး ရပ်တည်လာခဲ့ပုံများကို တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးခေတ် စသည်ဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုများကို အသေးစိတ်ခြယ်မှုန်းထားလေသည်။ ဤသို့အားဖြင့် အမျိုးသမီးများ၏ ဂုဏ်ရည်မှာ မြင့်မားနက်ရှိုင်းလာစရာရှိပါသည်။ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်း၍ မြန်မာ့ယဉ်ကျေးမှုကို မထိပါးရအောင် ဝိုင်းဝန်းကာကွယ်ပေးကြလိမ့်မည်ဟုလည်း မျှော်မှန်းရပါသည်။

"ကလေးငယ်တစ်ယောက်သည် လမ်းမလျှောက်တတ်မီ မိဘက လက်နှစ်ဖက်ကိုကိုင်ပြီး လမ်းလျှောက် သင်ပေးရသည်။ နောက်မှ တဖြည်းဖြည်း လက်လွှတ်လိုက်ပြီး ခပ်ယိုင်ယိုင်လျှောက်ရင်းနှင့် သန်မာလာခဲ့သည့်နည်းတူ မြန်မာ့ရိုးရာယဉ်ကျေးမှုကို လူငယ်များ ခုံမင်တွယ်တာမြတ်နိုးစိတ် ပေါ်ပေါက်လာစေရန် နိုင်ငံတော်က အရင်းအနှီးများစွာနှင့် ဆိုကရေးတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစ၍ ကျင်းပပေးခဲ့ပါသည်။ ဂီတသည် လူတို့၏ စိတ်ကို နူးညံ့သိမ်မွေ့စေသည်။ ယဉ်ကျေးစေသည်။ မြန်မာတို့၏ဂီတသည် သာယာငြိမ့်ညောင်း၍ ကြမ်းတမ်းသောစိတ်ကို ယဉ်ကျေးစေသည်။ သားငယ်သည် မိခင်၏ ချော့မြူသောတေးကြောင့် ကြည်နူးပျော်ပိုက်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်းပင် ဖြစ်ပါသည်။

ခေတ်စနစ်ပြောင်းလဲမှုအရ မိမိတို့၏ ရိုးရာဓလေ့ထုံးစံ အဆို၊ အတီး၊ အကများအပေါ် အထင်အမြင်သေးပြီး တိုင်းတစ်ပါး ယဉ်ကျေးမှုများကိုသာ ခုံမင်တွယ်တာနေကြခြင်းကို ကာကွယ်ပေးရန်..." ဟူ၍ စောမုံညင်း၏ စောမုံညင်းတွင် ဆရာမကြီးက အထက်ပါအတိုင်း ရေးသားကာ လူငယ်များ အရိုးပေါ်အရွက်မဖုံးရလေအောင် ကရုဏာဒေါသောလေးနှင့် သတိပေးထားပြန်ပါသည်။

**ဆေးစက်ကျရာ အရုပ်ထင်လေသူ**

ဆရာမကြီးသည် စာပေသမားစစ်စစ်အပြင် လူမှုရေးသမား တစ်ဝက်လည်းဖြစ်သည်။ စာပေချစ်စိတ်ပြင်းထန်ပြီး မြန်မာစာပေအပေါ် သံယောဇဉ်ကြီးသူ၊ သစ္စာကြီးသူလည်း ဖြစ်သည်။ ဆရာကြီး ဦးသုခ၊ ဆရာကြီးမြတ်ထန်နှင့် ဆရာကြီး သိပ္ပံမှူးတင်တို့မှာ ဆရာမကြီးနှင့် စာပေဟောပြောဖက်များ ဖြစ်သည်ဟု ဆို၍ရသည်။ ဆရာကြီး ဒဂုန်ဦးစန်းငွေ၊ ဆရာကြီးလယ်တီဦးလှပိုင်၊ ဆရာကြီးသော်တာဆွေ၊ ဆရာကြီးပါရဂူ၊ ဆရာကြီးထီလာစစ်သူ၊ ဆရာမကြီး ခင်နှင်းယု၊ ဆရာမကြီး ခင်ဆွေဦး၊ ဆရာကြီး ဗိုလ်ကလေးတင့်အောင်၊ ဆရာကြီး ဂီတလုလင် ဦးကိုကို၊ ဆရာချစ်ဦးညို၊ ဆရာ စန္ဒရားလှထွတ် စသည့်ပုဂ္ဂိုလ်များနှင့်လည်း စာပေဂီတ ဗဟုသုတများကို မမောနိုင်၊ မပန်းနိုင်အကြိမ်များစွာ အတူတကွ ဟောပြောခဲ့လေသည်။ ပရိသတ်အတွက် အကျိုးရှိမည်ဆိုပါက အချိန်မရွေး၊ နေရာမရွေး စာပေတာဝန် ကျေပွန်ခဲ့သူဖြစ်သည်။ အလယ်တောရ မော်လမြိုင်စာသင်တိုက်ရှိ သီလရှင်လေးများကို အင်္ဂလိပ်ဘာသာ၊ သဒ္ဒါနှင့် ရှေးဦးသူနာပြုစုနည်းများကို ဆရာမကြီး ဒေါ်စောရင် (ဆရာ ဇော်ဂျီ၏ဇနီး)၊ ဒေါ်ခင်ဘုန်းကြည်တို့နှင့်အတူ တစ်ပတ်နှစ်ကြိမ် သွားရောက်သင်ကြားပေးခဲ့သည်။

ခန်းမကြီးတွင် ဟောရသည်။ လမ်းဘေးပီပါပုံးများပေါ်တွင် ကျူဖျာခင်းထားသည့် စင်ပေါ်၌လည်း ဟောခဲ့ဖူးသည်။ ကားလမ်းဘေးနေရာမျိုးတွင် ဟောရသည့်အခါ စပယ်ယာများ၏ "အာလူး" ဟု ဩဘာပေးခြင်းကိုလည်း ခံခဲ့ရသည်။ ပြဇာတ်များတွင်လည်း ကိုယ်တိုင်ကပြ အသုံးတော်ခံခဲ့သလို ဟောရပြောရမည်ဆိုလျှင် အစဉ်ရွှင်လန်း တက်ကြွနေသည်။ ဝီရိယကောင်းနေတော့သည်။ တစ်ခါက ဟောပြောပွဲသွားရန် လာကြိုမည့်ကားကို စောင့်နေစဉ် ကားတစ်စီး ထိုးရပ်လာသည်နှင့် တက်လိုက်သွားရာမှ အခြားတစ်နေရာသို့ ရောက်ခဲ့ရရှာသည်။ ဆရာကြီးမြတ်ထန်က "ကားနဲ့လာခေါ်တိုင်း မမေးမမြန်းဘဲ လိုက်သွားရသလား၊ နောင်ကို ခေါ်တိုင်း မလိုက်နှင့်၊ မကြီးမငယ်နှင့်" ဟူ၍ သတိပေးရသည် အထိပင်။

ဆိုကရေးတီးမှာလည်း တွေ့ရသည်။ မြဝတီ အငြိမ့်တွင်လည်း ညစဉ်လိုလို၊ နေရာတကာ ဖျောက်ဆိပ်ကြယ်ဖြစ်နေသော ဆရာမကြီးကို အချို့က ကရုဏာစိတ်နှင့်လား၊ ခပ်ချဉ်ချဉ်ဖြစ်၍လား မသိ "မပင်ပန်းဘူးလား" ဟုပင် မေးယူရသည်အထိ ဆရာမကြီးက ဘက်စုံတာဝန်ကျေခဲ့သူဖြစ်သည်။ မည်သို့သော စိတ်ထားမျိုးနှင့် ဤမျှနေရာတကာတွင် အပင်ပန်းခံ ဟောပြောရေးဖွဲ့ တင်ဆက်နိုင်ပါသနည်း။ မည်သို့သော စေ့ဆော်မှုက ရှိနှင့်လေသနည်း။

မိခင်တစ်ယောက်သည် မိမိ၏ ဝမ်းကြာတိုက်၌ ဖြစ်တည်လာသော သန္ဓေသားကို မမွေးဖွားမီ ဂရုစိုက်ယုယ ပုံဖော်မှန်းဆ ချစ်ခင်ရသကဲ့သို့ မွေးစဉ်အခါမှာလည်း အသက်ကိုပင်မငဲ့ဘဲ သေမင်းနှင့် စစ်ခင်းကာ အားစိုက်ရုန်းကန် မွေးဖွားရလေသည်။ မည်မျှပင် နွမ်းလျစေကာမူ ရင်သွေးငယ်၏ မျက်နှာကို မြင်ရသည်နှင့် မိခင်၏ စိတ်နှလုံးမှာ ပီတိအဟုန်ဖြင့် လွှမ်းခြုံသွားလေတော့သည်။ ဤနည်းနှင်နှင်ပင် စာပေဂီတအနုပညာရှင်များသည်လည်း မိမိရင်မှ ဖွဲ့တည်လာသော စေတနာ အဟုန်ဇောနှင့် စာကောင်းပေမွန် အနုပညာများကို အပင်ပန်းခံ ဖန်တီးရေးဖွဲ့ သီကုံးအန်ထုတ်ခဲ့ကြလေသည်။ လူအများအတွက် အကျိုးရှိတန်သလောက် ရှိသွားကြလျှင်ပင် သူတို့ခမျာ ပန်းသမျှ ပြေကြရသည်။ နွမ်းသမျှ လန်းကြရလေသည်။

ဤသို့လျှင် ဆရာမကြီး ဒေါ်စောမုံညင်းသည်လည်း စာပေဂီတအနုပညာများကို မွေးဖွားပေးခဲ့သူ ဂန္ထဝင်စာပေမိခင်ကြီးပင် ဖြစ်ပေတော့သည်။

**ဆရာမကြီး၏ ဘဝအကြောင်း တစေ့တစောင်း**

၁၉၅၆ ခုနှစ်တွင် အင်ဒီပင်းဒင့် ဒေါ်စန်းကွယ်လွန်သည့် သုံးနှစ်မြောက်ကဗျာပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် "ရှေ့ဆောင်လူငယ် သောက်ရှူးကြယ်" စာအုပ်ဖြင့်

*စာမျက်နှာ ၁၁ သို့*





ဆရာမကြီး စောမုံညင်း

တိုကျိုမြို့၌ ဂျပန်ရိုးရာ ကီမိုနို ဝတ်စုံနှင့် တွေ့ရသည့် ဆရာမကြီး စောမုံညင်း၏ ငယ်ဘဝ ပုံရိပ်။

**❑ နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည်ဟူ၍ ခံယူထားသော ဆရာမကြီးက "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု" စာအုပ်တွင် တိမ်မြုပ်လုနီးဖြစ်နေသော ယဉ်ကျေးမှုအထောက်အထားများ၊ မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့ပုံများကို ရှာဖွေဖော်ထုတ်ရုံမကဘဲ မှတ်တမ်းမှတ်ရာများပါ ကျန်ရစ်ရလေအောင် ကြိုးပမ်းအားထုတ်ထားသည်ကို ဖတ်မှတ်သိရပြီးနောက် အံ့ဩမှင်တက်မိ**

*စာမျက်နှာ ၁၀ မှ*

အမျိုးသားစာပေဆု (ကလေးလူငယ်) တတိယဆု ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်းက ချီးမြှင့်သော ယဉ်ကျေးမှုစာပေ ဒုတိယဆုကို "မြန်မာမှုစုံ ပန်းရဂုံ" စာအုပ်ဖြင့် ရရှိသည်။ မြတ်နိုးစရာ မြန်မာ့ရိုးရာများ၊ နော်ဇာရွှေကုံးနှင့် ပုလဲသွယ်များ၊ မြန်မာ့ဇာတ်သဘင်တစ်ခေတ် ပြောင်းလဲရေး၊ ကရင်ပြည်နယ် ခတ်ပုံမှတ်တမ်း၊ မြန်မာအမျိုးသမီး၊ ကင်းထောက်အမျိုးသမီးလက်စွဲနှင့် မီးပုံပွဲသီချင်းများ၊ ကင်းထောက်အစည်းအရုံး ဘာသာပြန်စာအုပ်များ စသည့်စာအုပ်များ အပါအဝင် ရိုးရာဓလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ အနုပညာဆောင်းပါးများနှင့် ယဉ်ကျေးမှုရေးရာ ဆောင်းပါးများစွာ ရေးသားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် "မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု" စာအုပ်ဖြင့် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ) ရရှိခဲ့သည်။




၁၉၇၀ ပြည့်နှစ်ခန့်က အင်းလေးခေါင်တိုင် လူငယ်စခန်း၌ သပြေတေး၏ ဖခင်ကြီး မှူးသပြေနှင့် တွေ့ဆုံစဉ် သပြေတေးမဂ္ဂဇင်းတွင် မဟာဂီတကဏ္ဍကို ရေးသားရန် တိုက်တွန်းခံရသဖြင့် ရေးသားခဲ့ရာ ပထမဆုံးခေါင်းစဉ်မှာ "ဥက္ကလာပတိဂုံဘွဲ့" ဖြစ်သည်။ ပတ္တလားဆရာ ဆရာမောင်၊ စန္ဒရားဆရာ ဒေါ်စောမြကြည်၊ အကဆရာ ဒေါ်ဗလပြန်၊ စောင်းဆရာ ပြည်ဦးမောင်ကလေးနှင့် မဟာဂီတ ဆရာစိုး (ဘာဂျာ)တို့မှာ ဆရာမကြီး၏ ဂီတမိခင် ဖခင် ဆရာကြီးများ ဖြစ်ကြသည်။ မဟာဂီတ သီချင်းကြီးများကို ၁၄ နှစ်တိုင်သင်ယူခဲ့ပြီး ကိုယ်တိုင်သီဆို အသံလွှင့်ခဲ့သည့်အပြင် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာ့အသံ ယဉ်ကျေးမှုရေးရာအဖြာဖြာ အခန်းကဏ္ဍတွင် တစ်လနှစ်ကြိမ် အသံလွှင့်ခဲ့သည်။

ဆရာမကြီးသည် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့တွင် အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ နာယက၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုကော်မတီဝင်၊ အမျိုးသမီးအကျဉ်းထောင် ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဝင်၊ ရုပ်ရှင်အကယ်ဒမီဘုတ်အဖွဲ့ဝင်၊ မဟာဂီတ သီချင်းကြီး စိစစ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ် ဇာတ်သဘင်အကြံပေး၊ ဆိုကရေးတီး ပြိုင်ပွဲကြီး၏ ဦးစီးအဖွဲ့ဝင် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံခြားခရီးစဉ်များအဖြစ် လန်ဒန်၊ ဆွစ်ဇာလန်၊ ဟော်လန်၊ ပြင်သစ်၊ ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှစာပေဆု (S.E.A WRITE AWARD) ကို ရရှိခဲ့သည်။ ယင်းအရှေ့တောင်အာရှစာပေဆုကို ထိုင်းနိုင်ငံက ကမကထ ကျင်းပပြုလုပ်ရာ နှစ်စဉ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အိုရီယင်တယ်လ်ဟိုတယ်တွင် ကျင်းပလေ့ရှိသည်။ သို့သော် ထိုင်းနိုင်ငံ ကလောင်ရှင်များအသင်း၊ စာရေးဆရာများ၊ ပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံပွဲကိုမူ ထိုင်းနိုင်ငံ အမျိုးသားစာကြည့်တိုက်ကြီးက စာကြည့်တိုက်၏ ခန်းမကြီးတွင် ဦးဆောင်ကျင်းပပေးပါသည်။ ထိုပွဲတွင် အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ ဆုရပုဂ္ဂိုလ်များအားလုံး တက်ရောက်ပြီး ဆုရစာရေးဆရာများကို ပွင့်လင်းစွာ ဆွေးနွေးမေးမြန်းကြသည်။ ဤကား နှစ်စဉ်ကျင်းပပြုလုပ်နေကျ အလေ့အထပင်။

ဆရာမကြီး၏ အလှည့်တွင်မူ ဤသို့မဟုတ်။ တစ်မူထူးခြားသည်။ ဆရာမကြီးကိုယ်တိုင်က အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောနိုင်သည် ဖြစ်ရာ မေးသမျှမေးခွန်းများကို ဟာသစွက်၍ ဖြေကြားပေးနေရာ ခန်းမကြီးတစ်ခုလုံး ရယ်မောသံများ လွှမ်းနေခဲ့သည်။ ဤပရိသတ်ထဲမှ အမျိုးသမီးတစ်ဦးက ထူးခြားသောမေးခွန်းကို အင်္ဂလိပ်ဘာသာဖြင့် မေးပါသည်။ "ဆရာမကြီးသည် မဟာဂီတ သီချင်းကြီးများကို ကိုယ်တိုင်သီဆို အသံလွှင့်ခဲ့သည်ဟု ကြားဖူးပါကြောင်း၊ ထို့ကြောင့် ယခုလိုဆုံခိုက်တွင် အမှတ်တရရှိစေရန် သီချင်းကြီးတစ်ပုဒ်ဖြင့် သီဆိုဖျော်ဖြေပေးလိုပါကြောင်း" တောင်းဆိုလိုက်လေသည်။

မေးမြန်းသူမှာ တက္ကသိုလ်မှ ဆရာမတစ်ဦး ဖြစ်ကြောင်း သိရသည်။ ဆရာမကြီးသည် မည်သို့မျှ တုံ့ဆိုင်းခြင်းမရှိဘဲ 'မြမန်းဂီရိ' ယိုးဒယားသီချင်းကို အစမှအဆုံး (ဆိုင်းမပါသော်လည်း) သာယာနာပျော်ဖွယ်ဆိုပြပေးလိုက်ပါသည်။ ထိုစဉ်က ဆရာမကြီး၏ အသက်မှာ ၈၁ နှစ်ထဲ ရောက်နေပါပြီ။ သို့သော် အသံမှာ ကောင်းနေဆဲပင်။ သီချင်းဆုံးသွားသည်နှင့် ခန်းမတစ်ခုလုံး လက်ခုပ်သံက ပို၍ မြိုင်သွားသည်။ ဆုရပုဂ္ဂိုလ်များအပါအဝင် ပရိသတ်များစွာက ဆရာမကြီးကို လာရောက်ပွေ့ဖက်နှုတ်ဆက်ကြသည်မှာ အထူးခြားဆုံးဖြစ်ခဲ့ရသည်။ ဤအကြောင်းကို ဆရာမကြီးနှင့်အတူ လိုက်ပါသွားခဲ့သည့် စာရေးဆရာ မောင်ဆွေငယ်က ပြန်လည်ပြောပြခဲ့သည်။

၂၀၀၁ ခုနှစ်တွင် နတ်ရေကန်ရွှေစောင်းဆုနှင့် ရွှေစောင်းရင်ထိုး၊ ၂၀၀၂ ခုနှစ်အတွက် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)၊ ၂၀၀၄ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုနှင့် ၂၀၀၅ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် "စောမုံညင်း၏ စောမုံညင်း" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု ရရှိခဲ့သည်။

အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးတတ်အောင်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို သိနားလည်လာအောင်နှင့် တန်ဖိုးထားတတ်လာအောင် လမ်းပြပေးခဲ့သူ၊ သမိုင်းတာဝန်ကျေသူ ဆရာမကြီးသည် စာပေတာဝန်များကို ထမ်းဆောင်ရင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် အမှတ် ၃၁၈၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။

ဆရာမကြီးကို လေးစားချစ်ခင်သူ ကဗျာဆရာကြီး ကြည်အောင် (ကေတုမတီ) ခေါ် ဗိုလ်ချုပ်ကြည်အောင်က ဆရာမကြီး ကွယ်လွန်သည့်နှစ်တွင် ကဗျာတစ်ပုဒ်ဖြင့် "နိုင်ငံ့ဂုဏ်ရည်" မဂ္ဂဇင်းတွင် ဂုဏ်ပြုဖွဲ့ဆိုခဲ့လေသည်။

**စာရေးဆရာမကြီး ဒေါ်စောမုံညင်း (ဒေါ်ရင်ရင်) သို့ ဂုဏ်ပြုကဗျာ**

- ❖ စာပေနယ်တွင်၊ ကြယ်စင်တစ်ပွင့်<br>စွင့်စွင့်ငွါးငွါး၊ ကြွားရရွှားတည့်<br>မှတ်သားစံပြု၊ စာမှုစာရေး<br>စာတွေးစာဟော၊ စာပြောစာလုပ်<br>လွှန်အားထုတ်ခဲ့၊ တစ်ပုဒ်ပြီးတစ်ပုဒ်<br>သူရေးထုတ်ခဲ့<br>နောက်ဆုတ်တယ်လို့မရှိဘူး။
- ❖ ကလောင်လက်ရဲ့၊ စွဲမြဲစိတ်သန်<br>အားမာန်မချ၊ လုံ့လမဏ္ဍိုင်<br>ခေတ်နှင့်ပြိုင်၍၊ မယိုင်မတိမ်း<br>လမ်းကြောင်းထိန်းလျက်၊<br>မိန်းမကောင်းစွမ်းအားရှင်<br>ဒေါ်ရင်ရင်တဲ့၊ မြန်တစ်ခွင်ကျော်ကြား<br>ကလောင်သွားထက်တဲ့သူ။
- ❖ တစ်ချိန်ကဆို၊ နပျိုစဉ်အရွယ်<br>စာပေနယ်တစ်ကြော၊ ဟောပြောရေးထုတ်<br>သူ့အလုပ်ချည်း၊ မငြီးမငွေ့<br>စာဓလေ့မှာ၊ စာပေ့တာဝန်<br>ကျေပွန်ခဲ့သူ၊ ဇမ္ဗူထွန်းတောက်<br>ခရီးလည်းပေါက်ပါ၏။
- ❖ အမျိုးသမီးအရေး၊ မိန်းကလေးတို့<br>ယဉ်ကျေးလိမ္မာ၊ မြန်မာပီသဖို့<br>ခဏခဏ၊ တဖွဖွသတိပေး<br>ရေးလည်းရေး ပြောလည်းပြော၊ မမော<br>နိုင် မပန်းနိုင်<br>ကလောင်ကိုင် လက်မချ၊ အာဂ ရပ်ကြီးသူ<br>ဂုဏ်ယူမဆုံး၊ နိဂုံးမရှိ<br>ကျွန်ုပ်၏ကုသလ၊ အမျှ …အမျှ…အမျှ<br>ရပါစေသောဝ်၊ ဒေါ်စောမုံညင်း<br>ရစေသောဝ်။ ။

**စာကိုး**

1. ၁။ ကြည်အောင် (ကေတုမတီ) ၏ နိုင်ငံ့ဂုဏ်ရည် ကဗျာများ
2. ၂။ ၂၀၁၂ ခုနှစ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်
3. ၃။ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀ (အတ္ထုပ္ပတ္တိအကျဉ်း)
4. ၄။ ဆရာမကြီးစောမုံညင်းရေးသားခဲ့သော စာအုပ်များ
5. ၅။ ဒဂုန်ရွှေမျှား၏ မြန်မာနိုင်ငံစာပေဆုများ
6. ၆။ မြန်မာ့အလင်းသတင်းစာ (၆-၆-၂၀၂၁)

❖ *ကျောဖုံးမှ*

သို့သော်လည်း ဂျီရုဒ်သည် အဆိုပါ ၃၁ ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပရီမီယာလိဂ်တွင် ရှစ်ပွဲသာ ရရှိထားသူဖြစ်သည်။

ချယ်ဆီးအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဂျာမနီတိုက်စစ်ကစားသမား ဟာဗက်ဇ်နှင့် တီမိုဝါနာတို့ကို ခေါ်ယူခဲ့ပြီးနောက် အသင်း၌ ဂျီရုဒ်၏ ပွဲထွက်ကစားခွင့် နည်းပါးလာခဲ့ခြင်း ဖြစ်သည်။ အေစီမီလန်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ ပိတ်သိမ်းချိန်တွင် မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းနှင့် ရမှတ်ကွာဟမှု ၁၂ မှတ်အထိ ရှိခဲ့ပြီး အဆင့် (၂) နေရာဖြင့်သာ ပိတ်သိမ်းနိုင်ခဲ့သည်။ အခြားဆက်စပ်သတင်းတစ်ရပ်အနေဖြင့် ချယ်ဆီးအသင်းသည် ဒေ့မွန်တိုက်စစ်ကစားသမား ဟာလန်းကို ခေါ်ယူရာတွင် အဆင်မပြေခဲ့သောကြောင့် ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်ကစားသမား လီဝမ်ဒေါ်စကီးကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသက် ၃၂ နှစ်အရွယ်ရှိ လီဝမ်ဒေါ်စကီးကို စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။ ထို့ကြောင့် ချယ်ဆီးအသင်းအနေဖြင့် အဆိုပါတိုက်စစ်ကစား သမားကို စတန်းဖို့ဘရစ်သို့ ခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားထားပြီး ၄၈ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။

**အောင်ဇော်**

# လဟယ်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၇ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိ

**လဟယ် ဇူလိုင် ၁၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသော လုပ်ငန်းများမှာ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တောင်ယာလမ်းများဖောက်လုပ်ခြင်း စသည့် လုပ်ငန်းများဖြစ်ပြီး ယင်းလုပ်ငန်းများကို ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များရေးဆွဲ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများလျာထားပြီး စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး**

ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ကျေးရွာအုပ်စု ၁၆ အုပ်စုမှ ကျေးရွာပေါင်း ၁၇ ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းအရေအတွက် စုစုပေါင်း ၂၈ ခုကို ဆောင်ရွက်ရာတွင် ဝေလံ၊ မကော်ရိန်၊ မကြောင်းပေါ၊ ကြူပေါင်း၊ ဆပွလော်နောက်ကုန်း၊ မော်ဒွန်နောက်အင်း၊ ဝမ်တုံနောက်အင်း၊ ဟန်ဆင်၊ ထန်ခေါ်နောက်ကုန်း၊ လကျန်း၊ ကီးပါနောက်နန်းနှင့် မူကီးကျေးရွာများ၌ လုပ်ငန်းအားလုံးကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထပ်တိုးကျေးရွာများဖြစ်သည့် ဝုထ၊ ဆပွလော်ရှောင်၊ ဆော်လော်နောက်အင်း၊ ဂမ်းညရွာသစ်နှင့် နောက်လော်ကျေးရွာတို့၌ လုပ်ငန်းဆောင်ရွက်မှုများမှာ ၂၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုင်းဝင်းဝင်းထွန်းက ဆက်လက်ပြောကြားသည်။

**မွေးကြူဇင်**

# အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင် Cylinder အိုးများ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဝင်ရောက်လာသည့် မြင်ကွင်း

အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင် Cylinder အိုးများ နယ်စပ်ကုန်သွယ်ရေး ဇုန်နှင့် စခန်းများမှ တင်သွင်းလာမှုကို ဤသို့ တွေ့မြင်ရပါသည်။




















# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု ၅၀၀၀၀ အထိရှိလာ

**လန်ဒန် ဇူလိုင် ၁၈**

ဗြိတိန်နိုင်ငံ၌ နေ့စဉ်ကိုဗစ် –၁၉ ကူးစက်မှုနှုန်းမှာ ၅၀၀၀၀ ကျော်ရှိလာပြီး ဇန်နဝါရီနှောင်းပိုင်းမှစတင်က ပထမဆုံးအကြိမ်အဖြစ် ကူးစက်ခံရသူ ၅၀၀၀၀ ကျော် ရှိလာခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၁၆ရက်က တွေ့ရှိရသည့်ကူးစက်ခံရသူ ၅၁၈၇၀ တွင် ဗီဇပြောင်းဒယ်လ်တာ ကူးစက်ခံထားရသည်ကို တွေ့ရှိလာရသည်။ ယင်းနေ့တွင်ပင် သေဆုံးသူ ၄၉ ဦး ရှိလာခဲ့သည်။

ဗြိတိန်အစိုးရသည် အင်္ဂလန်တွင် ဇူလိုင် ၁၉ ရက်မှစတင်ကာ ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးရန် စီစဉ်ခဲ့သည်။ အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့်အမိန့်ကို ဖြေလျှော့ပေးမည်ဟု သိရသည်။ လက်ရှိ ဗြိတိန်နိုင်ငံတွင် ဆေးရုံတက်ကာ ကုသမှုခံယူရသူနှင့် သေဆုံးမှုများလာသော်လည်း ကာကွယ်ဆေးထိုးထားသည့် အခြေအနေကြောင့် ဇန်နဝါရီလအတွင်းက အခြေအနေကဲ့သို့ဆိုးရွားလာဖွယ်ရာမရှိဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

ဇန်နဝါရီလအတွင်းက ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ ၁၀၀၀ အထိရှိခဲ့သည်။ အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် လိုက်ပါမည့် ခရီးသည်များ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်ကိုမူ ဆက်လက်ထားရှိဦးမည်ဟု လန်ဒန်မြို့တော်ဝန်က ပြောသည်။

အချို့သော စားသောက်ဆိုင်များကလည်း ဧည့်သည်လက်ခံမည့်ပမာဏကို ၎င်းတို့ ဘာသာ ဆုံးဖြတ်ကန့်သတ်သွားရန် စဉ်းစားနေကြပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




လန်ဒန်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

## ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀ ထပ်တိုး

**ဖနောင်ပင် ဇူလိုင် ၁၈**

ကမ္ဘောဒီးယားနိုင်ငံတွင် ဇူလိုင် ၁၈ ရက်က ကိုဗစ် –၁၉ ကြောင့်သေဆုံးသူ ၃၀ ထပ်တိုးခဲ့ပြီးနောက် သေဆုံးသူစုစုပေါင်းမှာ ၁၁၀၆ ဦးအထိရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံတွင် နောက်ထပ်ကူးစက်ခံရသူ ၈၄၅ ဦးအနက် ပြည်ပမှ ကူးစက်ခံလာရသူ ၃၁၅ ဦးလည်း အပါအဝင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံအတွင်းစုစုပေါင်းကူးစက်ခံရသူ ၆၇၁၈၁ ဦးရှိလာသည်။ ကျန်းမာလာပြီးနောက် ဆေးရုံမှ ဆင်းရသူ အရေအတွက်မှာလည်း ၉၇၅ ဦး ထပ်တိုးခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုများ စတင်ခဲ့သည်။

**ဆင်ဟွာ**

## မွမ်ဘိုင်းမြို့ ဆင်ခြေဖုံးရပ်ကွက်တွင် မြေပြိုမှု နှစ်ခုဖြစ်ပွားရာ ၁၅ ဦးထက်မနည်း သေဆုံး

**မွမ်ဘိုင်း ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံမွမ်ဘိုင်းမြို့ဆင်ခြေဖုံးရပ်ကွက် တွင် ဇူလိုင် ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုနှစ်ခုဖြစ်ပွားခဲ့ရာ ၁၅ ဦး ထက်မနည်း သေဆုံးပြီး လူအများအပြား ပိတ်မိနေခဲ့သည်ဟု သိရသည်။

မြေပြိုမှုတစ်ခုမှာ ချန်ဘာရပ်ကွက်တွင် နံနက် ၆နာရီခွဲကဖြစ်ပွားခဲ့ပြီး ၁၂ ဦး သေဆုံးခဲ့ရသည်။ နောက်ထပ်မြေပြိုမှုမှာ ဗစ်ဟရိုလီရပ်ကွက်တွင် ဖြစ်ပွားခဲ့ပြီး လူသုံးဦး သေဆုံးခဲ့ရသည်။

ချန်ဘာရပ်ကွက်မြေပြိုမှုတွင် လူနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ဗစ်ဟရိုလီတွင်မူ လူငါးဦးမှ ခြောက်ဦးအထိ အပျက်အစီးများအောက်တွင် ပိတ်မိနေခဲ့ရသည်။ မွမ်ဘိုင်းတွင် ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။

မြေပြိုမှုအတွင်းအသက်ဆုံးရှုံးခဲ့ရသူများအတွက် ဝမ်းနည်းကြေကွဲရကြောင်း အိန္ဒိယဝန်ကြီးချုပ်နာရန် ဒရာမိုဒီကပြောသည်။

**ဆင်ဟွာ**

## တိုကျို အိုလံပစ်ကျေးရွာ၌ ကစားသမားများတွင် ကိုဗစ်–၁၉ ကူးစက်ခံရ

**တိုကျို ဇူလိုင် ၁၈**

တိုကျို အိုလံပစ်ကျေးရွာတွင် ရောက်ရှိနေကြသည့် အားကစားသမားများတွင် ကိုဗစ်–၁၉ ကူးစက်မှုကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိလာရသည်ဟု တိုကျို အိုလံပစ်အဖွဲ့ကော်မတီက ပြောသည်။

အိုလံပစ်နှင့် ဆက်စပ်ကာ နိုင်ငံခြားမှရောက်လာသည့် ၁၀ ဦးတွင် နှစ်ဦးမှာ အိုလံပစ်ကျေးရွာတွင် နေထိုင်သည့် အားကစားသမားများဖြစ်ပြီး အခြားအားကစားသမားမှာမူ အိုလံပစ်ကျေးရွာတွင် နေထိုင်ခြင်းမရှိဟု သိရသည်။ အဆိုပါအဖွဲ့တွင် ကိုဗစ် –၁၉ ကူးစက်မှု တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မည်မျှကူးစက်ခံရသည်နှင့် ကူးစက်ခံရသည့် အားကစားသမားများမှာ မည်သည့်နိုင်ငံက ဖြစ်သည်ကိုမူ အတိအကျထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ၎င်းတို့၏ လက်ရှိ ကျန်းမာရေး အခြေအနေကိုလည်း မသိရသေးပေ။ ဂျပန်နိုင်ငံသည် ပြည်ပမှလာရောက်ကြည့်ရှုမည့် ပရိသတ်များကိုတားမြစ်ထားပြီး အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် အားကစားပွဲကို ဖော်ပြမည့် မီဒီယာသမားများကိုသာ ပြည်ဝင်ခွင့်ပေးထားသည် ။




အားကစားသမားများနေထိုင်ရာ အိုလံပစ်ကျေးရွာရှိ အဆောက်အအုံများကို တွေ့ရစဉ်။

တိုကျို အိုလံပစ်အားကစားကျေးရွာတွင် အဆောက်အအုံ ၂၁ လုံး၊ အိပ်ခန်းပေါင်း ၁၈၀၀၀ နှင့် အခန်းပေါင်း ၃၆၀၀ ကို ပြင်ဆင်ထားခဲ့သည်။ **ကျိုဒို**

## ဆီနိုဖမ်း ကိုဗစ် –၁၉ ကာကွယ်ဆေးများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လက်ခံရရှိ




**ဒါကာ ဇူလိုင် ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးများ လက်ခံရရှိခဲ့သည်ဟု သိရသည်။

ဒါကာမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ပထမအသုတ် ကာကွယ်ဆေးရောက်ရှိခဲ့ပြီး နံနက် ၃ နာရီတွင် နောက်တစ်သုတ် ကာကွယ်ဆေးရရှိခဲ့သည်ဟု သိရသည်။ ကာကွယ်ဆေး သဘောတူညီမှုအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်ကလည်း ဆီနိုဖမ်းကာကွယ်ဆေးကို နှစ်ကြိမ်ရရှိခဲ့ပြီး ဖြစ်သည်။

ဆီနိုဖမ်းကာကွယ်ဆေးများ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၆ ရက်က ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုစတင်ခဲ့သော်လည်း အိန္ဒိယမှ ကာကွယ်ဆေးပေးပို့ရာတွင် ပြတ်လပ်မှုကြောင့် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ကို ရပ်နားခဲ့ရသည်။

တိုင်းပြည်အတွင်း နှစ်ကြိမ်တိုင်ကာကွယ်ဆေး ထိုးပြီးသူ ၄ ဒသမ ၃ သန်းရှိသည်ဟု အထွေထွေကျန်းမာရေးဝန်ဆောင်မှုဌာနက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင် ၁၇ ရက် နောက်ထပ်ကူးစက်ခံရသူ ၈၄၈၉ ဦးရှိပြီး သေဆုံးသူ ၂၀၄ ဦး ရှိသည်ဟု သိရသည်။ ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၀၉၂၄၁၁ ဦးရှိပြီး သေဆုံးသူစုစုပေါင်းမှာလည်း ၁၇၆၆၉ ဦး ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် ဥရောပသားများ ခရီးသွားလာမှုအတွက် အခက်ကြုံတွေ့နေရ

နှင်းမိုးအိမ်

**ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့တွင် ကိုဗစ်-၁၉ နယ်စပ်ထိန်းချုပ်ကန့်သတ်ရေးများကို ပြန်လည်သတ်မှတ်ခဲ့သည့်အတွက် ဥရောပသားများ ခရီးသွားလာမှုအတွက် စိတ်အနှောင့်အယှက် ကြုံတွေ့နေရသည်။ ပုံမှန်နေထိုင်မှုဘဝ ပြန်လည်ရောက်ရှိစေရေးအတွက် အစီအစဉ်များကို ခြိမ်းခြောက်လာစေနိုင်သော ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်များပြားလာခြင်းကို တားဆီးရန်အတွက် ယခုလို နယ်စပ်ထိန်းချုပ်ရေးများ ပြန်လည်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။**




**စိုးရိမ်နေကြရ**

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲမစတင်မီ တစ်ပတ်အလိုမှ စတင်ကာ အိုလံပစ်အားကစားကျေးရွာတွင် ကိုဗစ်-၁၉ ပထမဆုံး ကူးစက်မှုတွေ့ရှိလာသည်။ တိုကျိုအိုလံပစ်ပွဲ စီစဉ်သူများကမူ ယခုအားကစားပွဲမှာကမ္ဘာပေါ်တွင် အတင်းကျပ်ဆုံး အားကစားပြိုင်ပွဲဟု ပြောဆိုခဲ့ကြသည်။ သို့သော်လည်း ထောင်ပေါင်းများစွာသော အားကစားသမားများနှင့် အုပ်ချုပ်သူအရာရှိများကို လက်ခံထားရသည့်အတွက် ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာမည်ကို စိုးရိမ်နေကြရသည်။

**ဝေဖန်မှုများနှင့် ကြုံတွေ့နေရ**

ဗြိတိန်နိုင်ငံသည် ပြည်ဝင်ခွင့်မူဝါဒများကို ဖြေလျှော့ပေးရာ၌ ပြင်သစ်နိုင်ငံကို ချန်လှပ်ထားသည့်အတွက် ဝေဖန်မှုများနှင့် ကြုံတွေ့နေရသည်။ ကာကွယ်ဆေးထိုးပြီးသား ဗြိတိန်နိုင်ငံသားများ ပြင်သစ်နိုင်ငံမှ ပြန်လာသည့်အခါ အသွားအလာကန့်သတ်စောင့်ကြည့်မှု ၁၀ ရက် ခံယူရမည်ဟု သိရသည်။ ဗြိတိန်နိုင်ငံ အပါအဝင် အခြားသော ဥရောပနိုင်ငံများမှ ကာကွယ်ဆေးမထိုးရသေးသည့်သူများ ပြင်သစ်နိုင်ငံအတွင်းသို့ ဝင်ရောက်မည်ဆိုလျှင် ၂၄ နာရီအတွင်းစစ်ဆေးထားသည့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း လက်မှတ်ပြသရန် လိုအပ်သည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပြင်သစ်အစိုးရအနေဖြင့် ပြည်သူများ၏ နေ့စဉ်လူနေထိုင်မှုဘဝကို ကန့်သတ်မှုများ ဆက်လက်ပြုလုပ်ထားခြင်းနှင့် ကိုဗစ်-၁၉ ကို ကိုင်တွယ်ဖြေရှင်းပုံကို မကျေနပ်သည့် ပြည်သူ ၁၁၄၀၀၀ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

**အမိန့်ထုတ်ပြန်**

အခြားသော ဥရောပနိုင်ငံများတွင်လည်း ကန့်သတ်မှုများ ပြုလုပ်ထားကြသည်။ ဂရိနိုင်ငံရှိ မက္ကရိုကျွန်းတွင် ညဘက်သတ်မှတ်ချိန်အတွင်းအပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားပြီး စပိန်နိုင်ငံရှိ ဘာစီလိုနာနှင့် ကက်တလိုနီးယား ဒေသတို့တွင်လည်း အလားတူ အမိန့်မျိုးထုတ်ပြန်ထားသည်။ ဥရောပသမဂ္ဂ ရောဂါကာကွယ်ရေးအေဂျင်စီက ဩဂုတ်လ ၁ ရက်ရောက်လျှင် အဖွဲ့နိုင်ငံများ၌ ကိုဗစ်-၁၉ ကူးစက်မှု ငါးဆတိုးမည်ဟု သတိပေးထားသည့်အတွက် ဥရောပအစိုးရများ အနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ကာကွယ်ဆေးစတင်ထိုးပြီးသည့် အချိန်မှစတင်ကာ ဥရောပတွင် လူဦးရေ ၅၅ ဒသမ ၅ ရာခိုင်နှုန်းကို အနည်းဆုံးတစ်ကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

**ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိ**

စပိန်နိုင်ငံတွင်လူဦးရေသန်း ၅၀ ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည့်အတွက် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်းနှင့် လာမည့်သီတင်းပတ်အတွင်း နိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဟု စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်က ပြောသည်။

ဗြိတိန်နိုင်ငံတွင်မူ အရွယ်ရောက်ပြီးသူ အများစုမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ရာ နိုင်ငံသားများအပေါ် ကန့်သတ်ချက်အချို့ ဖြေလျှော့ပေးရန် အစိုးရက စီစဉ်လျက်ရှိသည်။ အဝါရောင်အဆင့်သတ်မှတ်ထားသည့် နိုင်ငံများမှပြန်လာသော ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသား နိုင်ငံသားများမှာ အသွားအလာစောင့်ကြည့်ကန့်သတ်မှုကင်းလွတ်ခွင့်ကို ဇူလိုင် ၁၉ မှစတင်ကာ ရရှိတော့မည်ဖြစ်သည်။

**အကာအကွယ်ပေး**

သို့သော်လည်း ဗီဇပြောင်းဘီတာကူးစက်မှုကြောင့် အဆိုပါကင်းလွတ်ခွင့်ပေးမည့် နိုင်ငံစာရင်းတွင် ပြင်သစ်နိုင်ငံကို ချန်လှပ်ထားရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါကန့်သတ်ချက်ကို အင်္ဂလန်အတွက်သာ ချမှတ်ထားသော်လည်း စကော့တလန်နှင့် ဝေလနယ်တို့တွင်လည်း အလားတူ စည်းကမ်းသတ်မှတ်ချက်မျိုးကို လိုက်နာလိုသည်ဟု သိရသည်။ ဗြိတိန်တွင် ကူးစက်မှုများ ပြန်လည်များပြားလာသော်လည်း ကာကွယ် ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးခြင်းဖြင့် သေဆုံးမှုနှင့် ရောဂါလက္ခဏာ ပြင်းထန်မှုတို့ကို အကာအကွယ်ပေးသည်ဟု အာဏာပိုင်များက ပြောသည်။

**များပြားဆဲဖြစ်**

ဗြိတိန်တွင် ကူးစက်မှုများ များပြားလာချိန် ကျန်းမာရေးဝန်ကြီး ဆာဂျစ် ဂျာဗစ်တွင်လည်း ကူးစက်ခံထားရကြောင်းဇူလိုင် ၁၇ ရက်တွင် ကြေညာခဲ့သည်။ ထို့ကြောင့် ယခုအချိန်တွင် သီးခြားခွဲ၍ နေထိုင်နေရသည်။ ကာကွယ်ဆေးနှစ်ကြိမ် ထိုးပြီးဖြစ်သည့်အတွက် ကျေးဇူးတင်ရမည်ဖြစ်ကြောင်းနှင့် ယခုအချိန်အထိ အပျော့စားလက္ခဏာများသာပြသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဗြိတိန်တွင် အရွယ်ရောက်ပြီးသူ သုံးပုံနှစ်ပုံမှာ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးပြီးဖြစ်သော်လည်း ကူးစက်မှုများမှာမူ များပြားဆဲဖြစ်သည်။

**ကျန်းမာရေးခွင့်ပြုချက် ပြသရမည်**

ယခုကြုံတွေ့နေရသည့် စိန်ခေါ်မှုမှာ ဗြိတိန်နိုင်ငံ တစ်နိုင်ငံတည်း ကြုံတွေ့နေရခြင်းမဟုတ်ဘဲ အလယ်အလတ်နှင့် ဝင်ငွေနိမ့်သည့် နိုင်ငံများတွင်လည်း ကာကွယ်ဆေးရရှိရေးအတွက် ရုန်းကန်နေရကြောင်း အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်အုပ်စုက ဇူလိုင် ၁၆ ရက်က ပြောသည်။ ပြင်သစ်နိုင်ငံတွင်လည်း ဇူလိုင် ၂၁ ရက်မှစတင်ကာ ကျန်းမာရေးခွင့်ပြုချက်ဖြင့် ယဉ်ကျေးမှုနှင့် အခြားသောပြပွဲ အခမ်းအနားများကို သွားရောက်ခွင့်ပြုမည်ဟု သိရသည်။ အဆိုပါ ကျန်းမာရေးခွင့်ပြုချက်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသား သို့မဟုတ် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထား လက်မှတ်တစ်မျိုးပင်ဖြစ်သည်။ ပွဲများနှင့် အခြားသော အခမ်းအနားများကို သွားရောက်ရာတွင် အဆိုပါ ကျန်းမာရေးခွင့်ပြုချက်ကိုပြသရမည်ဖြစ်သည်။


**စဉ်းစားလာကြ**

ဇူလိုင် ၂၁ ရက်မှစတင်ကာ အခမ်းအနားပွဲသွားရာတွင် အဆိုပါလက်မှတ်ကိုမဖြစ်မနေပြသရမည်ဖြစ်ပြီး ရုပ်ရှင်ရုံများနှင့် ပြဇာတ်ရုံများတွင် လူ ၅၀ ထက် မပိုရဟု သတ်မှတ်ထားသည်။ ဩဂုတ်လစောပိုင်းမှစတင်ကာ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်ထိုင်သည့်အခါတွင်လည်း အဆိုပါ ကျန်းမာရေးခွင့်ပြုချက်ကို မဖြစ်မနေ ပြသရတော့မည်ဖြစ်သည်။ အခြားသောဥရောပနိုင်ငံများတွင် လူပေါင်းရာနှင့်ချီ တက်ရောက်သည့် ပွဲအခမ်းအနားများတွင်သာ ကိုဗစ်-၁၉ ကင်းစင်ကြောင်း လက်မှတ် ပြသရန်လိုအပ်သော်လည်း နေ့စဉ်လူနေထိုင်မှုဘဝတွင် နောက်ထပ် ကန့်သတ်မှုများပြုလုပ်ရန် စဉ်းစားလာကြပြီဖြစ်သည်။ ။

ကိုးကား - အေအက်ဖ်ပီ

**ပြင်သစ်နိုင်ငံတွင်လည်း ဇူလိုင် ၂၁ ရက်မှစတင်ကာ ကျန်းမာရေးခွင့်ပြုချက်ဖြင့် ယဉ်ကျေးမှုနှင့် အခြားသောပြပွဲ အခမ်းအနားများကို သွားရောက်ရမည်ဟု သိရသည်။ အဆိုပါ ကျန်းမာရေးခွင့်ပြုချက်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသား သို့မဟုတ် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထား လက်မှတ်တစ်မျိုးပင်ဖြစ်သည်။ ပွဲများနှင့် အခြားသော အခမ်းအနားများကို သွားရောက်ရာတွင် အဆိုပါ ကျန်းမာရေးခွင့်ပြုချက်ကိုပြသရမည်ဖြစ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံ



* လူနာ၏ ရောဂါလက္ခဏာအပေါ်မူတည်၍ တက်ရောက်ကုသမှုခံယူရမည့်နေရာအား ဆုံးဖြတ်ပါမည်။

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံအား ရှင်းလင်းချက်

၁။ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ (သို့မဟုတ်) ထိတွေ့ခဲ့သည်ဟု သံသယရှိသူများနှင့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာခံစားနေရသူများအနေဖြင့် ရှေးဦးစွာ မိမိတို့၏ သက်ဆိုင်ရာမြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ဆေးရုံများသို့ သွားရောက်၍ သတင်းပေးပို့ရပါမည်။

၂။ ထို့နောက် မြို့နယ်ဒေသန္တရ (သို့မဟုတ်) ပြည်သူ့ဆေးရုံများ၊ ဓာတ်ခွဲစစ်ဆေးရေးစင်တာများ နှင့် ပုဂ္ဂလိကဓာတ်ခွဲစစ်ဆေးရေးဆေးခန်းများ၌ ဓာတ်ခွဲစစ်ဆေးမှုများအား ဆက်လက် ဆောင်ရွက်သွားပါမည်။

၃။ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် မိမိတို့၏ မြို့နယ်/ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးကော်မတီသို့ ပြန်လည်သတင်းပေးပို့ရမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ ပို့ဆောင်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် ကိုဗစ်–၁၉ ရောဂါ ပြင်းထန်လက္ခဏာရှိသူများနှင့် အရေးပေါ်လူနာများအနေဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ တိုက်ရိုက် သွားရောက်၍ ကုသမှုခံယူနိုင်မည်ဖြစ်ပါသည်။

၅။ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများအနေဖြင့် အရေးပေါ်လူနာ တက်ရောက်ကုသမှုအား ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှု ကော်မတီသို့ ဆက်လက်သတင်းပေးပို့သွားရမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**






# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပဲခူးဆေးရုံကြီးရှိ အောက်ဆီဂျင်စက်အသစ်ကို ကြည့်ရှုစစ်ဆေး

ပဲခူး ဇူလိုင် ၁၈

**ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ လည်ပတ်နေသည့် Oxygen Plant စက်အသစ်အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ရှေးဦးစွာ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာဇော်လွင်က တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် Oxygen Plant စက်အသစ် လည်ပတ်နေမှုအခြေအနေ၊ နေ့စဉ်အောက်ဆီဂျင် ထုတ်လုပ်နေမှု အခြေအနေများနှင့် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲဖြစ်သည့် Liquid Oxygen Plant တည်ဆောက်နေသည့်အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား လူမျိုး/ဘာသာ မခွဲခြားဘဲ တာဝန်ယူ စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ယခု ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း စတင်ခံစားရသည့် အချိန်ကစပြီး ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အောက်ဆီဂျင်ရရှိနိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် သယ်ယူခြင်း၊ ဝယ်ယူခြင်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထပ်မံ၍လည်း Oxygen Plant စက်အသစ်များ မှာယူထားပြီးဖြစ်ကြောင်း၊ ပဲခူးမြို့ ဆေးရုံကြီး၌ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲဖြစ်သော Liquid Oxygen Plant အား အမြန်ဆုံးပြီးစီးရေးကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သည့်နည်းလမ်းများဖြင့် အမြန်ဆုံး အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပဲခူးမြို့တွင်း ပြည်သူများနေအိမ်တွင် နေထိုင်ရေး စည်းကမ်းချက်များအား လိုက်နာမှုရှိစေရေး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တပ်ဆင်ထားသည့် Atlas Copco Oxygen Plant စက်အသစ်သည် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အစီအစဉ်ဖြင့် ဇူလိုင် ၁၅ ရက် တွင် ရောက်ရှိခဲ့ပြီး ဇူလိုင် ၁၆ ရက် ညပိုင်းမှစ၍ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၆၀ ခန့် နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

မော်လမြိုင် ဇူလိုင် ၁၈

**မွန်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းအောင်၊ ပြည်နယ်ကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မော်လမြိုင်မြို့နယ်ဆေးရုံကြီးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။** (အောက်ပုံ)



### ပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် မြင့်တက်လာပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် ပါဝင်ခြင်း မရှိသော မြို့နယ်များ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အောက်ဆီဂျင် လိုအပ်နေသည့် အရေးပေါ်လူနာများ အတွက် လုံလုံလောက်လောက် ရရှိစေရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ အနေအထားအရ ပိုးတွေ့လူနာအရေအတွက် များပြားလာကြောင်း၊ လူသွားလူလာများသည့် နေရာများကို စည်းကမ်းတကျ ထိန်းသိမ်းနိုင်ရန် လိုအပ်ကြောင်း အားလုံးပူးပေါင်းဆောင်ရွက်မှသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်း သတ်မှတ်ချက်များ အထူးဂရုပြုအလေးထား လိုက်နာနိုင်ရေး ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းသို့ အခြေခံစားကုန်များလှူဒါန်း

**သီပေါ ဇူလိုင် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြတ်မွန်စေတနာ လူမှုကူညီရေး (နာရေး) အသင်းသည် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၌ ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့မိသားစုများအား ဆန်နှင့် အခြေခံစားကုန်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ နံနက်တွင် အသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးစောနိုင်နှင့် အသင်းအတွင်းရေးမှူး ဦးခင်မောင်ဝင်းက ဆန်နှင့် ဟင်းချက်စရာ ပစ္စည်း ခြောက်မျိုးကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

✪ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၇၇) ခု | (၂၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၁) ခု | (၂၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄၀) ခု | (၃၈၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၃၂) ခု | (၃၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၇) ခု | (၁၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၉၉) ခု | (၁,၁၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၂၅၆) ခု | (၃,၀၂၁) ဦး |
| စုစုပေါင်း | (၁၄,၄၉၂) ခု | (၅,၂၈၅) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း COVID-19 တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝှမ်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များ ဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၃၇ ဦးနှင့် အမျိုးသမီး ၉၀ စုစုပေါင်း ၂၂၇ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၀ ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၃၄၉ ဦးနှင့် အမျိုးသမီး ၁၉၈ ဦး စုစုပေါင်း ၅၄၇ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၁၁၆ ဦးနှင့် အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၁၅၁ ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၆ ဦး စုစုပေါင်း ၃၂ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံ၌ အောက်ဆီဂျင်ထုတ်စက် ဝယ်ယူနိုင်ရေး အလှူငွေများပေးအပ်

**ကျိုင်းတုံ ဇူလိုင် ၁၈**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ ရက် နံနက်က ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်က ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ကူးစက်နှုန်းမြင့်မားမှုနှင့် ပြင်းထန်မှုအပေါ် မူတည်ပြီး အောက်ဆီဂျင်များ လိုအပ်လာနိုင်၍ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များ ပါဝင်လှူဒါန်းမှုဖြင့် အောက်ဆီဂျင်ထုတ်စက်ရုံ တည်ဆောက်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အထိ အလှူငွေကျပ်သိန်း ၁၇၀၀ ကျော် ရရှိထားပြီးဖြစ်ပါကြောင်း ပြောကြားပြီး အောက်ဆီဂျင် ထုတ်စက်ရုံ တည်ဆောက်နိုင်ရေး အလှူငွေများ ပေးအပ်သည်။



ယင်းနောက် အစည်းအဝေးအပြီးတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်ထုတ်စက်ရုံ တည်ဆောက်မည့်နေရာနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရေး ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် တပ်ဆင်ထားရှိသော Oxygen Plant (Oxymet)မှ အောက်ဆီဂျင်များဖြည့်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ ပေးပို့လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် Oxygen Plant များ တပ်ဆင်ထုတ်လုပ်ကာ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်ကုသရေးစင်တာများသို့ ပို့ဆောင်ဖြန့်ဝေ လှူဒါန်းလျက်ရှိသည်။



ထိုသို့ ထုတ်လုပ်ဖြန့်ဝေလှူဒါန်းလျက်ရှိရာ တပ်မတော်(ရေ)မှ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ တပ်ဆင်ထားရှိသော Oxygen Plant (Oxymet)မှ အောက်ဆီဂျင်များ ဖြည့်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ ပို့ဆောင်ဖြန့်ဝေလှူဒါန်းပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်မှ ယနေ့အထိ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၂၆ လုံးနှင့် ၁၅ လီတာဆံ့ အောက်ဆီဂျင်အိုး လေးလုံးတို့ကို ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့သည်။

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးငါးလုံး၊ သန်လျင်မြို့နယ်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ငါးလုံး၊ ကွမ်းခြံကုန်း ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ရှစ်လုံး၊ ဆိပ်ကြီးခနောင်တို ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၁၀ လုံး၊ ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ငါးလုံး၊ တွံတေးမြို့နယ်ပြည်သူ့ဆေးရုံနှင့် စိတ္တသုခလူမှုကူညီရေးအသင်းသို့အောက်ဆီဂျင်အိုးအလုံး ၄၀၊ (MAB) မြန်မာ့ရှေ့ဆောင် လူမှုကူညီရေးအသင်းသို့ အောက်ဆီဂျင် အိုး ၂၂ လုံးနှင့် အခြားလူမှုရေးအဖွဲ့အစည်းများသို့အောက်ဆီဂျင်အိုး ၃၅ လုံး စုစုပေါင်း အောက်ဆီဂျင်အိုးအလုံး ၁၃၀ တို့ကို ပို့ဆောင်လှူဒါန်းပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဟာ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်မှသာ ဒီရောဂါဆိုးကြီးကို အမြန်တိုက်ထုတ်နိုင်မှာဖြစ်

**ရခိုင်ပြည်နယ် သံတွဲခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ရဲဝင်းထွန်း အား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဇူလိုင် ၁၄ ရက်က တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။**



ဒေါက်တာ ရဲဝင်းထွန်း

**မေး။** ။ ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေကို ရောဂါ ရှိ/မရှိ ဘယ်လိုစစ်ဆေးပေးနေပါသလဲ။

**ဖြေ။** ။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ WHO က အသိအမှတ်ပြုထားတဲ့ Rapid Diagnostic Test( R D T Test Kit) တွေနဲ့ စစ်ဆေးပေးနေပါတယ်။

**မေး။** ။ ပြည်သူတွေအနေနဲ့ ရောဂါလက္ခဏာတွေ့ရှိရင် ဘယ်လိုဆက်သွယ်ဆောင်ရွက်ရပါမလဲ။

**ဖြေ။** ။ ပြည်သူတွေအနေနဲ့ ရောဂါလက္ခဏာတွေရှိလာရင် ကျွန်တော်တို့ သံတွဲမှာရှိတဲ့ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန အစရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးတဲ့ နေရာတိုင်းကို ဆက်သွယ်ဆောင်ရွက်လို့ ရပါတယ်။ ကျန်းမာရေးဝန်ထမ်းအားလုံးက ကူညီဆောင်ရွက်ဖို့ အသင့်ရှိပါတယ်။ အိမ်မှာပဲ ကြိတ်ကုသမနေဘဲ ထိရောက်တဲ့ကုသမှု ခံယူစေချင်ပါတယ်။

**မေး။** ။ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရပြီဆိုရင် ဘယ်လိုဆောင်ရွက်ပေးပါသလဲ။

**ဖြေ။** ။ တွေ့ရှိတဲ့ နေရာဒေသပေါ်မှာ မူတည်ပြီး ကိုဗစ်-၁၉ ကို ထိရောက်စွာ ပြုစုကုသနိုင်တဲ့ နေရာတွေအထိ ပို့ဆောင်ပေးပါတယ်။ ရောဂါအတိမ်အနက်အလိုက် ပြုစုကုသမှုကို လူတန်းစားမရွေး ခံယူစေချင်ပါတယ်။

**မေး။** ။ ဘယ်လိုရောဂါလက္ခဏာများပြသရင် စိုးရိမ်ရတဲ့အခြေအနေလို့ ခေါ်ပါသလဲ။

**ဖြေ။** ။ ကိုဗစ်-၁၉ရောဂါဟာအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်မျိုးဖြစ်တဲ့အတွက် လူသားတို့ရဲ့ အသက်ရှူလမ်းကြောင်းကို ပို၍ ဒုက္ခပေးတတ်ပါတယ်။ လူ့အသက်သေဆုံးတဲ့အထိ ဖြစ်ပွားတတ်တဲ့ ရောဂါတစ်မျိုးဖြစ်တဲ့အတွက် အသက်ရှူမရတာ၊ အသက်ရှူကျပ်တာ၊ မောပန်းတာ၊ သွေးထဲက အောက်ဆီဂျင် ပမာဏကျဆင်းတာတွေဟာ စိုးရိမ်ရတဲ့အခြေအနေလို့ ပြောလို့ရပါတယ်။

**မေး။** ။ လူနာတွေအတွက်အောက်ဆီဂျင်လိုအပ်ချက်တွေကို ဘယ်လိုစီစဉ်ထားပါသလဲ။

**ဖြေ။** ။ ကျွန်တော်တို့ သံတွဲဆေးရုံမှာ ကိုဗစ်-၁၉ (Third Wave) မဖြစ်ပွားမီကတည်းက အောက်ဆီဂျင် ဆလင်ဒါအချို့ကို စုဆောင်းထားပြီးဖြစ်ပါတယ်။ သို့သော်လည်း ထင်ထားတာထက် လူနာအရေအတွက်နဲ့ အသုံးပြုမှုများလာတဲ့အတွက် အောက်ဆီဂျင်ရနိုင်မယ့်နေရာတွေက သွားရောက်ဝယ်ယူတာ တစ်မျိုး၊ အကူအညီတောင်းတာကို ရဟန်းသံဃာတွေ၊ စေတနာရှင်တွေ၊ ပရဟိတသမားတွေနဲ့ ပိုင်းဝန်းဆောင်ရွက်နေတဲ့အတွက် အခက်အခဲမရှိပါဘူး။ သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနဲ့ သက်ဆိုင်ရာဌာနအကြီးအကဲတွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ လက်ရှိမှာ အောက်ဆီဂျင် အလုံးကြီး ၂၀ နဲ့ ၂၅ လုံးကြား ကျန်ရှိနေပြီး လိုအပ်ချက်များကို အချိန်မီဖြည့်တင်းနိုင်အောင်လည်း လုပ်ဆောင်ပေးလျက်ရှိပါတယ်။

**မေး။** ။ ပိုးတွေ့လူနာတွေ Quarantine ဝင်ရောက်နိုင်ဖို့ စီစဉ်ထားရှိမှုအခြေအနေကို သိလိုပါတယ်။

**ဖြေ။** ။ ပိုးတွေ့လူနာတွေထဲမှာတော့ Quarantine ထားရှိကုသမှုကတော့ နှစ်ပိုင်းရှိပါတယ်။ ရောဂါပိုမိုပြင်းထန်လူနာနဲ့ သာမန်လူနာဆိုပြီး ခွဲခြားထားပါတယ်။ သာမန်လူနာတွေကိုတော့ ငပလီမှာရှိတဲ့ ၂၅ ခုတင်ဆံ့ဆေးရုံမှာ ထားရှိကုသပေးနေပြီး ရောဂါပိုမိုပြင်းထန်တဲ့ လူနာတွေကို သံတွဲခရိုင် ခုတင် ၁၀၀ ဆေးရုံရဲ့ ကိုဗစ်-၁၉ ကုသဆောင်၊ အထူးကုသကြပ်မတ်ဆောင်တွေမှာ ကုသစောင့်ရှောက်ပေးလျက်ရှိနေပါတယ်။

**မေး။** ။ ကိုဗစ်-၁၉ ရောဂါဖြစ်လာရင် ဘယ်လိုနေထိုင်စားသောက်သင့်ပါသလဲ။

**ဖြေ။** ။ ကိုဗစ်-၁၉ ရောဂါ ဖြစ်လာပြီဆိုရင်တော့ ပထမဆုံးအနေနဲ့ ကိုယ်ခံစွမ်းအား မြင့်တက်နေဖို့ လိုပါတယ်။ ဒါကြောင့် ကိုယ်ခံစွမ်းအားမြင့်တက်စေမယ့် အားရှိမယ့်အစားအသောက်တွေကို ရွေးချယ်စားသုံးဖို့ လိုပါတယ်။ လိုအပ်တဲ့ရေနဲ့ အာဟာရ၊ ဓာတ်ဆား စသည်တို့ကို ဆောင်ထားဖို့ လိုပါတယ်။ ဆေးလိပ်၊ အရက်၊ ကွမ်း စားတာတွေကို ရှောင်ရှားဖို့ လိုပါတယ်။

**မေး။** ။ ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် အသိပညာပေးလုပ်ငန်းများကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။

**ဖြေ။** ။ အသိပညာပေးလုပ်ငန်းအနေနဲ့ လူနေထူထပ်ပြီး လူသွားလူလာများတဲ့နေရာတွေမှာ နှာခေါင်းစည်း လှုပ်ရှားမှုများကို အပတ်စဉ်ဆောင်ရွက်ပြီးတော့ ဗီနိုင်းပိုစတာ စိုက်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ဆော်ဩခြင်းများကို ရောဂါ ကာကွယ် ထိန်းချုပ်ရေးအဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ။ ပိုးတွေ့လူနာများအတွက် ဆေးရုံကဆောင်ရွက်ပေးမှုအခြေအနေကို သိချင်ပါတယ်။

**ဖြေ။** ။ ပိုးတွေ့လူနာတွေထဲမှာ ရောဂါမပြင်းထန်၊ ရောဂါလက္ခဏာမပြတဲ့ လူနာတွေကိုတော့ ငပလီဆေးရုံမှာ ထားရှိကုသပေးနေပါတယ်။ သူတို့ရဲ့ အခြေခံကျန်းမာရေးကို အထူးအလေးထား စောင့်ရှောက်ပြီး နေ့စဉ်သွေးပေါင်ချိန်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးအတွင်း အောက်ဆီဂျင် ကောင်းမကောင်း တိုင်းတာခြင်းတွေကို ဆရာဝန်၊ ဆရာမ လုံလောက်စွာနဲ့ စောင့်ကြည့်ကုသပေးနေပါတယ်။ ရောဂါပြင်းထန်တဲ့ လူနာတွေကိုတော့ သံတွဲခရိုင်ဆေးရုံမှာပဲထားရှိပြီး အထူးကြပ်မတ်ကုသပေးလျက်ရှိပါတယ်။

**မေး။** ။ လက်ရှိဆေးရုံတက်နေတဲ့ လူနာဦးရေ၊ ရောဂါပျောက်ကင်းလို့ ဆေးရုံကနေ ဆင်းခွင့်ရသူဦးရေ (ပြန်လည်ကျန်းမာလာမှုအခြေအနေ)ကို သိချင်ပါတယ်။

**ဖြေ။** ။ လက်ရှိဆေးရုံမှာ ဆေးရုံတက်ရောက်ကုသခံလူနာ ၆၉ ဦးကို ကုသပေးလျက်ရှိပြီး ဆေးရုံကနေ ကျန်းမာရေးပြန်လည်ကောင်းမွန်သွားလို့ ဆေးရုံကနေ ဆင်းခွင့်ရရှိသူ ၄၉ ဦးကျော်ရှိပါတယ်။

**မေး။** ။ ကာကွယ်ဆေးထိုးဖို့ ကျန်ရှိနေသူများကို ထိုးနှံနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်ပါတယ်။

**ဖြေ။** ။ ကာကွယ်ဆေးအချို့ကတော့ ကျွန်တော်တို့ဆီမှာ ရောက်ရှိနေပါပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားတဲ့ ဦးတည်အုပ်စုများကို အဓိကထိုးနှံပေးသွားဖို့ ဆောင်ရွက်နေပါတယ်။

**မေး။** ။ အခြားဖြည့်စွက် ပြောကြားလိုမှု ရှိပါက ပြောကြားစေလိုပါတယ်။

**ဖြေ။** ။ ဒီ ကိုဗစ်-၁၉ ရောဂါဟာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်း လုပ်ဆောင်လို့မရပါဘူး။ သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးတို့က ပေါင်းစပ်ဆောင်ရွက်ရသလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါမှသာ ဒီရောဂါဆိုးကြီးကို အမြန်တိုက်ထုတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး ကျန်းမာရေး အသိ၊ သတိနဲ့ ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းချင်ပါတယ်။

ကျေးဇူးတင်ပါတယ် ဆရာကြီးခင်ဗျာ။

**နေမျိုးအောင်၊ ညီနိုင်းထက်(သံတွဲခရိုင် ပြန်/ဆက်)**

## တရုတ်နိုင်ငံမှဝယ်ယူသည့် အောက်ဆီဂျင်အိုးများ ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ဝယ်ယူသော တစ်လုံးလျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလွတ်အလုံးရေ ၇၀၀ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးသည် ယနေ့နံနက် ၁၁ နာရီက ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ နမ့်ဖာဟော်နယ်စပ်ဂိတ်ပေါက်မှတစ်ဆင့် ဝင်ရောက်လာသည်။



ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် အောက်ဆီဂျင်အိုးအလွတ်များကို ချင်းရွှေဟော်မြို့ရှိ စီတိုဂိုဒေါင်နှင့် ကွမ်းလုံမြို့နယ် ရွှေကူဝကျေးရွာရှိ ရွှေတော်ဝင်ဂိုဒေါင်များတွင် ခေတ္တချထား၍ ၎င်းဂိုဒေါင်များမှတစ်ဆင့် လားရှိုးမြို့၊ ရန်ကုန် မြို့နှင့် မန္တလေးမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပြီး ဇူလိုင် ၁၅ ရက်မှ ဇူလိုင် ၁၈ ရက်အထိ အောက်ဆီဂျင်အိုးအလွတ် စုစုပေါင်း ၄၉၆၆ လုံး ဝင်ရောက်လာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ဗန်းမောက်မြို့နယ်တွင် အောက်ဆီဂျင်ထုတ်စက်ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဗန်းမောက် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စီမံအုပ်ချုပ်ရေးရုံးရှိ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြို့နယ် ကိုဗစ်-၁၉ ကော်မီတီနှင့် အလှူရှင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် အောက်ဆီဂျင်လိုအပ်မှုရှိလာပါက အခက်အခဲ တစ်စုံတစ်ရာမရှိစေရေးအတွက် အောက်ဆီဂျင်ထုတ်စက်ဝယ်ယူရေး အစည်းအဝေး ကျင်းပသည်။

အဆိုပါ စက်ဝယ်ယူ တည်ဆောက်မည်ဆိုပါက အနည်းဆုံးခန့်မှန်းကုန်ကျ ငွေကျပ်သိန်း ၆၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ကနဦးမတည် ငွေကျပ်သိန်း ၁၀၀ အား ဗန်းမောက်မြို့ မြို့ရပ်နေ ကိုဆန်းဘိုမိသားစုက ထည့်ဝင်လှူဒါန်း၍ မြို့နယ် ကိုဗစ်-၁၉ ကော်မတီရန်ပုံငွေမှ ကျပ်သိန်း ၂၉၀ စုစုပေါင်းကျပ်သိန်း ၃၉၀ ဖြင့် စတင်မှာယူဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်းနှင့် မြို့နယ်တွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအနေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်းလည်း သိရသည်။ အလှူငွေထည့်ဝင်လိုပါက ဖုန်း-၀၉-၇၇၆၆၈၀၁၆၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ရခိုင်ပြည်နယ် မောင်တောမြို့၌ နှာခေါင်းစည်းများ ဖြန့်ဝေ

**မောင်တော ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့မသားငါးဈေးများရှိ ဈေးရောင်း၊ ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြို့မသား ငါးဈေးရှိ ဈေးရောင်း/ဈေးဝယ်သူများနှင့် နာရီစင်လမ်းဆုံတို့တွင် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း ၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များအား လက်ကိုင်အသံချဲ့စက်ဖြင့် နှိုးဆော်ပေးခဲ့ကြသည်။ ယနေ့ ဆောင်ရွက်ရာတွင် နှာခေါင်းစည်း ၃၅၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**

# ဖားကန့်မြို့နယ် လုံးခင်းအုပ်စု၌ လုပ်ကွက်ဟောင်း မြေစာပုံပြိုကျသဖြင့် အမျိုးသားတစ်ဦး မြေစာပိ၍သေဆုံး

ဖားကန့် ဇူလိုင် ၁၈

**ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာအနီးရှိ လုပ်ကွက်ဟောင်းတွင် ဇူလိုင် ၁၇ ရက်က ရေမဆေးရှာဖွေသူ အမျိုးသားတစ်ဦးသည် မြေစာပုံပြိုကျသဖြင့် မြေစာပိ၍သေဆုံးခဲ့ကြောင်း လုံးခင်းနယ်မြေရဲစခန်းမှ သိရသည်။**



ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်က လုံးခင်းနယ်မြေရဲစခန်းမှ စခန်းမှူးဒုရဲမှူး ကျော်မြင့်နိုင်သည် စခန်းမှူးတာဝန်ဆောင်ရွက်နေစဉ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာအနီး မနေသကွင်းအနောက်ဘက် တစ်သုံးလုံး ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီလုပ်ကွက်ဟောင်းရှိ မြေစာပုံအဟောင်းတွင် ရေမဆေးကျောက်ရှာဖွေနေသော အမျိုးသားတစ်ဦးမြေစာပိသေဆုံးသဖြင့် လုံးခင်းသုသာန်သို့ ပို့ဆောင်ထားကြောင်း သတင်းအရ လုံးခင်းနယ်မြေရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ဟန်တင်နှင့်အဖွဲ့သည် ဆိုင်းရာရွာသစ် ကျေးရွာရာအိမ်မှူး၊ မဒွပ်ယန်ကျေးရွာရာအိမ်မှူးတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဇော်လီ (၄၂နှစ်) ရပ်ကွက်(၅) လုံးခင်းကျေးရွာနေသူဖြစ်ကြောင်းသိရှိရသဖြင့် စုံစမ်းရာ ၎င်းမှာ အဆိုပါ နံနက် ၉ နာရီခန့်က ဇော်လီတစ်ဦးတည်း မြေစာပုံဟောင်း မျှောချောင်းအတွင်း ရေမဆေးကျောက် ရှာဖွေနေစဉ် အမြင့်ပေ ၄၀ ခန့်မှ မြေစာများ ရုတ်တရက်ပြိုကျလာပြီး ၎င်းအားပိမိကာ သေဆုံးသွားခြင်းဖြစ်၍ လုံးခင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၇ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၇-၂၀၂၂ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ ရတနသုတ်ပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၁၅ အောက်မေ့အခါခါ အမှတ်တရများစွာ တည်ရှိရာ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)မှာ
- ၀၇:၄၀ (၇၄)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၀:၃၇ အာဇာနည်နေ့ဂါရဝအလေးပြု Countdown အစီအစဉ်
- ၁၁:၁၀ ဘဝနှင့်အနုပညာ
- ၁၁:၃၅ သမိုင်းဝင်သင်ခန်းစာများမှတစ်ဆင့် ဆန့်ကျင်ရှုတ်ချရမည့် အကြမ်းဖက်လုသတ်ဓါး
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သင်္ချာဘာသာရပ်'
- ၁၇:၀၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၅ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ
- ၁၉:၂၀ ၁၉ ဇူလိုင်နှင့်အကြမ်းဖက်လုသတ်ဓါး
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ
- ၂၁:၂၅ ဝသာန်ခါမီတေးသံသီ ပျော်ပြေမှုအစီအစဉ်
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၇)

### mitv

- 07:01 News
- 07:27 Myanmar Sculpture-work of Art
- 07:42 A Day Tour On A Cart (Bagan Trip)
- 07:54 Myanmar Street Foods
- 08:01 Lessons Learnt from History
- 08:09 Goldsmith
- 08:39 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- 08:54 Waso or the Buddhist Lent
- 09:01 Ecotourism: Tour to explore
- 09:14 Dawei - Tavoy, Travel To The Southern Part Of Myanmar
- 09:33 Sons of the Lake
- 09:55 Dances of Myanmar "Gaybar Kayin Traditional Dance"
- 10:01 Styles of Mro & Thet
- 10:36 Bogyoke Aung San Museum (Yangon)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ရိုးရာစကောထမင်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ ဆိုရိုးစကားများ(အပိုင်း-၂)

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မျောက်ချေးခါးဟင်းချက်နည်း

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရှန်းကန်လှုပ်ရှားသူတို့ဘဝများ

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပုလွေ

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
သွားဝါခြင်းအကြောင်းသိကောင်းစရာ

**မွန် (၁၅:၀၀ မှ ၁၈:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၃)

**ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၂)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၂)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
- ၁၁:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

---

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆန္ဒမွန်ကောင်းတောင်းလိုက်ပါတယ်။ ဒီတစ်ပတ်မှာတော့ Singular နဲ့ Plural Nouns နာမ်အနည်းကိန်းနဲ့ အများကိန်းပုံစံပြောင်းလဲတာတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ နမူနာဝါကျတွေနဲ့ ရှင်းလင်းဖော်ပြပေးထားပြီး ကျန်ရှိနေသေးတဲ့ ပြောင်းလဲပုံတွေနဲ့ အသုံးအနှုန်းတွေကို လေ့ကျင့်ခန်းများနဲ့တကွ ဆက်လက်ဖော်ပြပေးသွားပါမယ်။ ပြီးတော့လည်း ဗဟုသုတအလို့ငှာ လက်တင်နဲ့ ဂရိကဆင်းသက်လာတဲ့ စကားလုံးတွေရဲ့ အနည်းကိန်းနဲ့အများကိန်းပြောင်းလဲပုံတွေကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about weather" ကို နမူနာဝါကျများ၊ စကားပြောခန်းများနဲ့ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း မိုးလေဝသနဲ့ပတ်သက်တဲ့ ဝေါဟာရတွေကို ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုဗစ်-၁၉ ကာလမှာ ကျန်းမာရေးဂရုစိုက်ကြဖို့ နှိုးဆော်လိုက်ပါတယ်။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR

### Basic to Pre-Intermediate

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

Exercise (1) အဖြေများ

1. A large number of 2. a lot of 3. a lot of
4. any 5. some 6. much
7. Many 8. any 9. a little
10. a 11. a 12. A

✦ ✦ ✦ ✦ ✦ ✦ ✦

**Singular and Plural Nouns (အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ)**

နာမ်များတွင် အနည်းကိန်းနှင့် အများကိန်းပုံစံများရှိသည်။ အနည်းကိန်းပုံစံနာမ်များကို Singular Nouns ဟုခေါ်ပြီး အများကိန်းပုံစံ နာမ်များကို Plural Nouns ဟုခေါ်သည်။

**Singular Nouns (အနည်းကိန်းပုံစံနာမ်များ)**

လူတစ်ဦး၊ အရာဝတ္ထုတစ်ခု၊ တိရစ္ဆာန်တစ်ကောင် သို့မဟုတ် နေရာတစ်ခုကို ကိုယ်စားပြုဖော်ပြသောနာမ်များကို အနည်းကိန်းပုံစံနာမ်များ (Singular Nouns) ဟုခေါ်သည်။ ဥပမာ။

cow glass woman son goat picture
table buffalo


**Plural Nouns (အများကိန်းပုံစံနာမ်များ)**

လူတစ်ဦး၊ အရာဝတ္ထုတစ်ခု၊ တိရစ္ဆာန်တစ်ကောင် သို့မဟုတ် နေရာတစ်ခုထက်ပိုသော အရာများကို ကိုယ်စားပြုဖော်ပြသော နာမ်များကို အများကိန်းပုံစံနာမ်များ (Plural Nouns) ဟုခေါ်သည်။ ဥပမာ။

cows glasses women sons goats pictures
tables buffaloes

**Singular မှ Plural Nouns သို့ ပြောင်းလဲပုံ**

အနည်းကိန်းပုံစံနာမ်များ (Singular Nouns) များကို အများကိန်းပုံစံနာမ်များ (Plural Nouns) များအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။ ပြောင်းလဲအသုံးပြုရာတွင် အောက်ပါဥပဒေသများကို လိုက်နာသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် ခြွင်းချက်များလည်း ရှိတတ်သည်။




1. များသောအားဖြင့် အနည်းကိန်းပုံစံနာမ်များမှ အများကိန်းပုံစံနာမ်များကို ပြောင်းလဲအသုံးပြုရာတွင် "s" ကို ပေါင်းထည့်အသုံးပြုရသည်။ Noun အနည်းမှ အများပြောင်း "s" ကိုပေါင်း။ ဥပမာ။

| | |
|---|---|
| son | sons |
| goat | goats |
| picture | pictures |
| table | tables |
| farmer | farmers |
| house | houses |
| banana | bananas |
| bicycle | bicycles |

2. –s, –sh, –ch နှင့် –x ဆုံးလျှင် Noun တွေပင် ပေါင်းပါ "es" များ။ ဥပမာ။

| | |
|---|---|
| glass | glasses |
| class | classes |
| kiss | kisses |
| bus | buses |
| watch | watches |
| inch | inches |
| match | matches |
| branch | branches |
| brush | brushes |
| bush | bushes |
| dish | dishes |
| thrush (မြေလူးငှက်) | thrushes (မြေလူးငှက်များ) |
| box | boxes |
| fox | foxes |
| tax (အခွန်) | taxes (အခွန်များ) |
| sex (အထီး၊အမလိင်) | sexes (အထီး၊ အမလိင်များ) |

3. –o နဲ့ဆုံးရင် Noun တွေပင် ပေါင်းပါ "es" များ။ ဥပမာ။

| | |
|---|---|
| buffalo(ကျွဲ) | buffaloes (ကျွဲများ) |
| potato | potatoes |
| echo (ပဲ့တင်သံ) | echoes (ပဲ့တင်သံများ) |
| hero (သူရဲကောင်း) | heroes (သူရဲကောင်းများ) |
| mango | mangoes |
| cargo (ကုန်ပစ္စည်း) | cargoes (ကုန်ပစ္စည်းများ) |
| volcano (မီးတောင်) | volcanoes (မီးတောင်များ) |
| negro | negroes |
| နီဂရိုးလူမျိုး (ကပ္ပလီ) | နီဂရိုးလူမျိုးများ (ကပ္ပလီများ) |

*(ဆက်လက်ဖော်ပြပါမည်)*

## CONVERSATION



### Shortest way to talk about weather




- What's the weather like?
  (ရာသီဥတုအခြေအနေ ဘယ်လိုလဲ)
  What's the weather like with you?
  (မင်းဆီမှာ ရာသီဥတုအခြေအနေဘယ်လိုလဲ)
  What's the weather like out there?
  (အပြင်မှာ ရာသီဥတုအခြေအနေဘယ်လိုလဲ)
  It's actually quite mild.
  (အသင့်အတင့်နွေးပါတယ်၊ သိပ်မအေးပါဘူး)
- How's the weather?
  (ရာသီဥတုအခြေအနေဘယ်လိုလဲ)
  It's raining heavily. (မိုးသဲကြီးမဲကြီးရွာနေတယ်)
- What kind of weather is it?
  (ဘယ်လိုရာသီဥတုအမျိုးအစားလဲ)
  It's a lovely sunny day.
  (အလွန်သာယာပြီး နေသာတဲ့နေ့တစ်နေ့ပေါ့)
- What's it like out?
  (အပြင်မှာ (ရာသီဥတု) ဘယ်လိုလဲ)
  It's very cold. (အလွန်အေးတယ်)
  It's a lovely warm autumn morning.
  (သိပ်ချစ်စရာကောင်းတဲ့ ပူနွေးတဲ့ ဆောင်းဦးရာသီနံနက်ခင်းလေးပဲ)
- Hello, Sue. It's freezing, isn't it?
  (ဟဲလို ဆူး အေးခဲနေတာပဲ ဟုတ်တယ်မှတ်လား)
  Hello, Lewis. It certainly is.
  (ဟဲလို လူးဝစ် သိပ်ဟုတ်တာပေါ့)
- Hello, Kiss. What a beautiful/cold/wet day!
  Hello, Kathy. It certainly is.
- Isn't it a horrible day?
  (အလွန်ဆိုးတဲ့နေ့ ဟုတ်တယ်မှတ်လား)
- It's a dreadful night! (အလွန်ဆိုးတဲ့ညပဲ)
- It's a beautiful evening, isn't it?
- It's a bit unsettled.
  ((ရာသီဥတုက) ပြောရမှာနည်းနည်းခက်တယ်)
- It's a bit changeable.
  (ရာသီဥတုက နည်းနည်းအပြောင်းအလဲရှိတယ်)
- It's very unseasonal.
  (ရာသီဥတုက ပုံမှန်မဟုတ်ဘူး)

**ဘာသာစကားရှုထောင့်**

မိုးလေဝသနဲ့ပတ်သက်ပြီး ပြန်ပြောရာမှာ အသုံးများတဲ့ပုံစံတွေကို တင်ပြလိုက်ပါတယ်။

1. It + BE (with different tenses) + Adjectives
2. It + BE (with different tenses) + a + Adjectives +day
3. It + is/was + Ving + now/at that time.
4. What/How + a + Adjectives + Noun

ဥပမာ။

. It is sunny.
. It will be a rainy day tomorrow.
. It is snowing now.
. There is a sun after the rain.
. It is hailing.
. What gloomy (မှုန်မှိုင်းနေသော) weather we're having!

**Good sailing weather**

Mark: Hi, Mark. I hope it's not too early to phone. Is there any chance of going sailing?

Ben: Yes, sure. What's the weather like there? Is there any chance of going sailing?

Mark: It's warm and sunny, but it's a bit breezy. In fact it's perfect weather for sailing. How's the weather with you?

Ben: That's great news about the sailing. It's a dreadful day here. It's pouring and it's quite misty. I'll be glad to get away from it. Yesterday it was very stormy and it was chilly too.

Mark: It's been beautiful here all week, although it was a bit changeable earlier in the month but you should be all right.

Ben: That's good. I'll see you later!

## WEATHER VOCABULARY

hot = ပူသော warm = နွေးသော
cold = အေးခဲလုနီးနီးအေးသော cool = အေးမြသော
sunny = နေသာသော rainy = မိုးရွာသော
clear = ကြည်လင်သော cloudy = တိမ်ထူသော
dry = ခြောက်သွေ့သော humid = စိုထိုင်းသော
foggy = မြူဆိုင်းသော misty=မြူခိုးမြူငွေ့ဖုံးလွှမ်းသော
gusty = လေပြင်းတိုက်ခတ်သော windy = လေထန်သော
thunder = မိုးခြိမ်းခြင်း lightning = လျှပ်စီးလက်ခြင်း
blue skies = ရာသီဥတု သာယာသည်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြစ်ကြီးနားမြို့ပေါ် Quarantine Centre များနှင့် Isolation Centre များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါဝင်ကူညီဆောင်ရွက်နေသူများကို အားပေးထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၁၈

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အသွားအလာကန့်သတ်ထားရှိသည့် Quarantine Centre များနှင့် ကိုဗစ်-၁၉ အတည်ပြုလူနာများ သီးသန့်ထားရှိသည့် Isolation Centre များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးတို့က ဇူလိုင် ၁၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပါဝင်ကူညီဆောင်ရွက်နေကြသူများအား တွေ့ဆုံအားပေးထောက်ပံ့ကြသည်။**



မြစ်ကြီးနားမြို့ပေါ်ရှိ Quarantine Centre များနှင့် Isolation Centre များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသည့်သူများအား Quarantine Centre အဖြစ် မြစ်ကြီးနားမြို့ အုံတော်ရှင်စေတီတော်ဝင်းအတွင်းရှိ သီတဂူစကျွဒါနဆေးရုံ၌ ထားရှိဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး Quarantine ဝင်ရောက်နေသူများအား အားပေးစကားပြောကြားကာ နေထိုင်စားသောက်မှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေးတာဝန်ရှိသူများအား မှာကြားပြီး တာဝန်ကျဝန်ထမ်းနှင့် ကူညီနေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနား ပညာရေးကောလိပ် လေးထပ်စာသင်ဆောင်၌ ကိုဗစ်-၁၉ အတည်ပြုလူနာဦးရေ ၁၅၀ အတွက် သီးသန့်ထားနိုင်ရေးအတွက် နေရာထိုင်ခင်းများပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ကူညီဆောင်ရွက်နေကြသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ကိုဗစ်-၁၉ အတည်ပြုလူနာများအား သီးသန့်ထားရှိရေး အဆောင်အဖြစ်ထားရှိသည့် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာများ သီးသန့်ထား စောင့်ကြည့်နေမှု အခြေအနေများ၊ နေထိုင်စားသောက်မှု အခြေအနေများနှင့် ပါဝင်ကူညီဆောင်ရွက်ကြသည့် လူမှုရေးအသင်းအဖွဲ့များ၏ လိုအပ်ချက်များကို မေးမြန်း၍ အားပေးစကား ပြောကြားပြီး Centre များတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် ဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ပြင်ဆင်ထားမှု တာဝန်ရှိသူများ ကြည့်ရှု

**ရေတာရှည် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဇွန် ၂၃ ရက်မှ ဇူလိုင် ၁၇ ရက် ညနေပိုင်းထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ အမျိုးသား ၁၃၄၊ အမျိုးသမီး ၂၁၂ ဦး စုစုပေါင်း ၃၄၆ ဦး၊ ကျန်းမာရေး ကောင်းမွန်၍ ဆေးရုံဆင်းခွင့် ရရှိသူ ၁၄၈ ဦး၊ ရေတာရှည်၊ ဆွာ၊ ရေနီဆေးရုံများရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများ၌ ကျန်ရှိသူ ၁၉၈ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ထုတ်ပြန်ချက်အရသိရသည်။

လက်ရှိအချိန်တွင် ရေတာရှည်၊ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များရှိ FQ များတွင် အသွားအလာကန့်သတ်ထားရှိသူ အများအပြား ကျန်ရှိနေသေးသည်ဖြစ်ရာ ရေတာရှည်မြို့၊ အမှတ်(၃)ရပ်ကွက် ရန်ကုန် -မန္တလေး ကားလမ်း အနောက်ဘက်ရှိ မြို့နယ်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ခုတင်များပြင်ဆင်ထားမှု၊ သန့်စင်ခန်းနှင့် ရေချိုးရန်နေရာများပြင်ဆင်ဆောင်ရွက်မှုများကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေနှင့် ကော်မတီဝင်များက ကြည့်ရှုခဲ့သည်။



မြို့နယ်ခန်းမအတွင်းနှင့် အပြင်နေရာလွတ်များ၌ ခုတင် ၁၀၀ အထိဖြည့်ဆည်းထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများအတွက် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ အခြားသော လိုအပ်သည့် ပစ္စည်းကိရိယာများ ဖြည့်တင်းခြင်းလုပ်ငန်းများဆောင်ရွက်ထားပြီဖြစ်၍ ယနေ့ညနေပိုင်းကစတင်၍ RDT tast kit ဖြင့် စစ်ဆေးပြီး Positive ရောဂါပိုးတွေ့ရှိသူများကို စတင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင် (ဆွာ)

## မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ အလှူငွေများပေးအပ်

**မိုင်းယောင်း ဇူလိုင် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်ဦးက အလှူငွေကျပ် တစ်သိန်း၊ ရွှေပြည့်စုံကုန်စုံဆိုင်က ငွေကျပ်နှစ်သိန်း၊ မိုင်းယောင်းတောင်ပေါ်သားကုမ္ပဏီမှ ငွေကျပ်သုံးသိန်း၊ KSM ကုမ္ပဏီမှ ငွေကျပ်တစ်သိန်း၊ ဦးဇော်မင်းနှင့် ယစ်မျိုးလေလံအဖွဲ့က ငွေကျပ်တစ်သိန်း၊ နယ်မြေခံတပ်နယ်မှ တပ်ကြပ် ကြည်ခိုင်က ငွေကျပ် ၅၀၀၀၀၊ တောအုပ် ဦးဝင်းအောင်က ငွေကျပ် ၃၀၀၀၀၊ မိုင်းယုမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာန ဦးစီးမှူး ဦးမြတ်စောမင်းက ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

မိုင်းယောင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ အတည်ပြုလူနာများ ရှိလာခြင်းတို့ကြောင့် ရောဂါထပ်မံဖြစ်ပွားမှုမရှိစေရန်နှင့် ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ကုသနိုင်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



စိုင်းအောင်ဇော်လင်း

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

### မိုးနဲ

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခြင်းကို ဇူလိုင် ၁၇ ရက်က မိုးနဲမြို့မဈေးတောင်ဘက်လမ်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်ရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နီဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မိုးနဲမြို့နယ် ကိုဗစ်-၁၉ Call Center အဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များ၊ ပါးစပ်၊ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)

### စစ်တွေ

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပါးစပ်၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်တွေခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များက ဦးဆောင်ကာ မြို့ပေါ်ရပ်ကွက် ၃၃ ရပ်ကွက်တွင် နေရာ ၃၃ နေရာခွဲပြီး အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပါးစပ်၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက် ၃၃ ရပ်ကွက်၊ စုရပ် ၃၃ နေရာတွင် ပထမအကြိမ် နှာခေါင်းစည်း ၆၀၀၀၀ ကျော်ကို ခရီးသွားပြည်သူများ၊ လမ်းသွားလမ်းလာများနှင့် ပြည်သူများကို ဝန်ဆောင်မှုပေးနေသော အငှားယာဉ်မောင်းများကို လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဖြန့်ဝေပြီး ဒုတိယအကြိမ်တွင်လည်း နှာခေါင်းစည်း ၃၀၀၀၀ ကျော်ကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ကျေးလက်လမ်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းဖြင့် လူမှုစီးပွား ဖွံ့ဖြိုးစေမည်

## ချမ်းမြေ့မောင်

**နေပြည်တော်သည် ပဲခူးရိုးမတောင်တန်းနှင့် ရှမ်းရိုးမတောင်တန်း နှစ်ခုတို့အကြား မြန်မာနိုင်ငံ၏ အလယ်ဗဟိုအနီးတွင် တည်ရှိကာ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အချက်အချာမြို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသည်။**



တပ်ကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် မကျီးပင်-ကျောက်စရစ်ကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း။

**ရည်မှန်းချက်များ**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်ဟု ခရိုင်နှစ်ခုရှိပြီး ဒက္ခိဏခရိုင်တွင် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့ ပါဝင်ကာ ဥတ္တရခရိုင်တွင် ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ ပါဝင်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြို့ပေါင်း ရှစ်မြို့နှင့် ကျေးရွာစုစုပေါင်း ၇၉၆ ရွာရှိသည့်အနက် ကျေးရွာ ၁၇၉ ရွာသည် ရာသီမရွေး သွားလာနိုင်ပြီး ကျေးရွာ ၆၁၇ ရွာသည် ခြောက်သွေ့ရာသီမှသာ သွားလာနိုင်သည်။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်သည့်လမ်းများဖြစ်စေရန် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေရန်နှင့် ကျေးလက်လမ်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ ကျေးလက်လမ်းကို အသုံးပြုပြီး အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကိစ္စများအတွက် ကျေးလက်လမ်းကွန်ရက်များကို အသုံးပြုပြီး အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို အထောက်အကူဖြစ်စေရေးတို့သည် ကျေးလက်နေပြည်သူများအတွက် ချမှတ်ထားသည့် ရည်မှန်းချက်များ ဖြစ်သည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန**

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် နှစ်စဉ်အဆင့်မြှင့် ဆောင်ရွက်ရေးသည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ပြည်သူ့အတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် ရည်မှန်းချက်ဖြစ်ရာ ထိုရည်မှန်းချက်များကို ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**နေပြည်တော်အတွင်း ဆောင်ရွက်ချက်များ**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၈၇၀၄၃၀ ခန့်အတွက် မြေသားလမ်းသာရှိသော အခြေအနေမှ ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ်လည်းကောင်း၊ ဒေသဆောက် ဝါးတံတား၊ သစ်သားတံတား



ဇေယျာသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် စည်ပင်သာယာ-စည်ပင်ကြီး-ညောင်ပင်ကြီး-ချောင်းကမ်းကြီး-သာယာကုန်း ကျေးရွာချင်းဆက် ကတ္တရာလမ်း။

များမှ သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ် တံတားများအဖြစ်လည်းကောင်း အဆင့်မြှင့်တင် ဆောက်လုပ်ပေးလျက်ရှိသည်။

ကျေးလက်နှင့် မြို့ပြ လူနေမှုဘဝ ကွာဟချက်နည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ရာတွင် နေပြည်တော်အတွင်း ကွန်ကရစ်လမ်း ၆၄/၇ ဒသမ ၇၁ မိုင်၊ ကတ္တရာလမ်း ၁၀၄/၃ ဒသမ ၆ မိုင်၊ ကျောက်လမ်း ၁၈၇/၂ ဒသမ ၀၈ မိုင်၊ အမာခံလမ်း ၄၃၇/၄ ဒသမ ၄ မိုင်၊ မြေသားလမ်း ၄၈၆/၆ ဒသမ ၂၇ မိုင်၊ ဆိုင်ကယ်လမ်း ၃၂၇/၀ ဒသမ ၆၃ မိုင် စုစုပေါင်း ကျေးလက်လမ်း ၁၆၀၈/၀ ဒသမ ၇၂ မိုင်ကို နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနသည် ဌာနစတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း ၈၅/၇ ဒသမ ၃ မိုင်၊ ကတ္တရာလမ်း ၅၉/၁ ဒသမ ၆၃ မိုင်၊ ကျောက်ချောလမ်း ၈၇/၄ ဒသမ ၂၃ မိုင်၊ ဂဝံ/ဂျင်းလမ်း ၁၅၁/၄ ဒသမ ၈၈ မိုင်၊ မြေသားလမ်း ၁၂၃/၃ ဒသမ ၈၂ မိုင်၊ စုစုပေါင်း လမ်းမိုင် ၅၀၇/၅ ဒသမ ၈၆ မိုင်ကို ကျေးလက်နေပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကျေးလက်တံတားများ**

ထို့ပြင် ကျေးလက်တံတားများအနေဖြင့် နေပြည်တော်အတွင်း ကွန်ကရစ်တံတား ၄၆ စင်း၊ သစ်သားတံတား သုံးစင်း၊ ရေကျော်အစင်း ၃၀၊ Box Culvert ၂၆၆ စင်း စုစုပေါင်း ၃၄၇ စင်းကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။

**ဌာန၏ ဆောင်ရွက်ချက်များ**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း ၈၅/၇ ဒသမ ၃ မိုင်၊ ကတ္တရာလမ်း ၅၉/၁ ဒသမ ၆၃ မိုင်၊ ကျောက်ချောလမ်း ၈၇/၄ ဒသမ ၂၃ မိုင်၊ ဂဝံ/ဂျင်းလမ်း ၁၅၁/၄ ဒသမ ၈၈ မိုင်၊ မြေသားလမ်း ၁၂၃/၃ ဒသမ ၈၂ မိုင် စုစုပေါင်းလမ်းမိုင် ၅၀၇/၅ ဒသမ ၈၆ မိုင်ကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပြီး နေပြည်တော်အတွင်းရှိ ကျေးလက်လမ်းများအား ရာသီမရွေး သွားလာနိုင်သောလမ်း ၂၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ခြောက်သွေ့သောရာသီတွင် သွားလာနိုင်သောလမ်း ၇၇ ဒသမ ၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်း ကျေးလက်လမ်းများကို အသုံးပြုနိုင်ကြရန် ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၉၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာအားလုံး၏ ၉၀ ရာခိုင်နှုန်းတို့ကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

**ဆက်လက်အဆင့်မြှင့်တင်မည်**

ထို့အတူ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာ၍ နေပြည်တော်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။



လယ်ဝေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကဆောင်ရွက်သည့် ညောင်ပင်သာကျေးရွာနှင့် သာဝတ္ထိအုပ်စု စည်ပင်သာကျေးရွာလမ်းပေါ်ရှိ ရေနီချောင်းကူး အရှည်ပေ ၁၁၀ ကွန်ကရစ်တံတား။

# ဇာတ်တော်ကြီးဆယ်ဘွဲ့

# မဟောသဓဇာတ်တော်

**မြတ်မင်းလှိုင်**

*ဇူလိုင် ၁၃ ရက်မှအဆက်*

မဟောသဓသေုခမိန်သည် အိပ်ရာထက်မှထ၍ ကိုယ်လက် သုတ်သင်ပြီးမှ နံနက်စာကို စားသောက်သည်။ ထို့နောက် အဖိုးထိုက်တန်လှသော ဝတ်လဲတော်တို့ကို ဝတ်ဆင်ကာ လေသာပြတင်းကို ဖွင့်လှစ်စေသည်။ စူဠနီဗြဟ္မဒတ်မင်း မြင်သာအောင် စင်္ကြံသွားလျက်နေ၏။ စူဠနီဗြဟ္မဒတ်မင်းသည် မဟောသဓကို ဖမ်းယူနိုင်ရန် မိမိစီးသော ဆင်ကို လျင်စွာ တံခါးဝသို့ ရှေးရှုစိုင်းနှင်လေ၏။

ထိုအခါ မဟောသဓသည် စူဠနီဗြဟ္မဒတ်မင်းအား သန်လျက်နှင့် ချပ်ဝတ်တန်ဆာတို့ကို ချွတ်၍ မြို့တော်သို့ ပြန်လည်ဝင်တော်မူပါရန်၊ အကျိုးမဲ့ အပင်ပန်းမခံရန် ပြက်ရယ်ပြုလေ၏။ မင်းကြီးကမူ မဟောသဓသည် မိမိအန္တရာယ်ကျရောက်နေသည်ကို မသိဘဲ ခြိမ်းခြောက်စကားဆိုနေသည်ဟု မှတ်ထင်နေသည်။ ထို့ကြောင့် မဟောသဓအား ဖမ်းဆီးကွပ်မျက်ပြီး အောင်သေသောက်မည်ဟု ကြုံးဝါးလိုက်သည်။

မဟောသဓကမင်း၏ အကြံသည်အကျိုးမရှိနိုင်တော့၊ မင်းကြီးနှင့် ကေဝဋ္ဋအမတ်တို့ ပြာသာဒ်ဘုံ၌ လျှို့ဝှက်တိုင်ပင်ကြသည့် အစီအစဉ်များကို မိမိသိရှိပြီးဖြစ်ကြောင်း၊ ဝိဒေဟရာဇ်မင်းသည် ယမန်နေ့ညကပင် မိတ္ထီလာပြည်သို့ ပြန်လည်ကြွမြန်းသွားပြီဖြစ်ကြောင်း၊ မင်းကြီး၏ မယ်တော်၊ မိဖုရား၊ သားတော်၊ သမီးတော်များပါရှိသွားကြောင်း၊ မိမိအား ဖမ်းဆီးသုတ်သင်လျှင် ၎င်းတို့ကိုလည်း မိတ္ထီလာပြည့်ရှင်က သုတ်သင်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုလေသည်။ မင်းကြီးလည်း မယုံကြည်သဖြင့် မင်းမှုထမ်းတို့အား သွားရောက်ကြည့်စေရာ အမှန်ပင် မရှိကြတော့ကြောင်း သိရ၍ မဟောသဓအား ပြင်းစွာအမျက်ထွက်လေသည်။

ထိုအခါ မဟောသဓက မိမိ မိတ္ထီလာပြည်သို့ ပြန်ရောက်ပါက မိဖုရားကြီး နန္ဒာဒေဝီနှင့်အတူ မယ်တော်၊ သားတော်များအား ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ မိမိသည် မင်းနှစ်ပါးချစ်ကြည်မှုကို လိုလား၍ ဤသို့ဆောင်ရွက်ကြောင်းနှင့် ဥမင်ကို လိုက်လံကြည့်ရှုရန် ဖိတ်ခေါ်သည်။ မင်းကြီးလည်း လက်နက်ကိုစွန့်၍ မင်းငယ်များနှင့်အတူ ဥမင်ကိုလိုက်ပါကြည့်ရှု၍ မဟောသဓ၏ အစွမ်းကို များစွာအံ့သြချီးမွမ်းလေသည်။ ထို့နောက် မဟောသဓသည် ဝှက်ထားသော သန်လျက်ကို ယူ၍ မင်းကြီး၏ ခေါင်းကိုမိုး၍ ခြိမ်းခြောက်လေသည်။ မင်းကြီးကြောက်လန့်သောအခါမှ သန်လျက်ကိုချ၍ မင်းကြီးအား အန္တရာယ်ပြုလို၍ မဟုတ်ကြောင်း မိမိအစွမ်းကို ပြသခြင်းသာဖြစ်ကြောင်း၊ မိမိကိုယ်သတ်လိုက သတ်ရန်၊ မသတ်လိုပါကလည်း အသက်ထက်ဆုံး လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တောင်းဆိုလေသော် မင်းကြီးက လွတ်ငြိမ်းချမ်းသာခွင့် ပေးလေသည်။ မင်းအများသည် ဥမင်မှ ပြန်လည်ထွက်နိုင်စွမ်း မရှိကြသဖြင့် မဟောသဓက စက်ခလုတ်နင်း၍ ဖွင့်ပေးလိုက်ပြီး မင်းအများကို အောင်သေသောက်ရန်ပြုစဉ်က မိမိ၏ ဖွားဖက်တော်များဖြင့် ကယ်ဆယ်ခဲ့ဖူးကြောင်းကို ရှင်းလင်းပြောပြရာ မင်းငယ်အသီးသီးတို့က မဟောသဓအား ပူဇော်ကြလေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် မင်းငယ်အများကို တောင်းပန်ကာ ဥမင်တံခါးဝလက်ထပ်နန်း၌ ခုနစ်ရက်တိုင်တိုင် ပွဲသဘင်ကျင်းပပြီးမှ ပဉ္စာလရာဇ်သို့ပြန်ဝင်၏။ မဟောသဓကို ရွှေ၊ ငွေ၊ ဆင်၊ မြင်းစသည့် လက်ဆောင်ပဏ္ဏာများဖြင့် ချီးမြှင့်ပြီး ၎င်း၏ တိုင်းပြည်၌ပင် နေထိုင်ရန် တောင်းပန်လေသည်။ မဟောသဓလည်း ဝိဒေဟရာဇ်မင်း မရှိသည့်နောက်တွင် လာရောက်နေထိုင်မည်ဖြစ်ကြောင်း ကတိပြု၍ မိတ္ထီလာပြည်သို့ အခြွေအရံတပ်များနှင့် အတူပြန်လေသည်။

မဟောသဓရောက်လာကြောင်း သေနကအမတ်ကြီးသိလျှင် ဝိဒေဟရာဇ်မင်းကြီးထံသို့ သွားရောက်လျှောက်တင်လေသည်။ မြို့သူမြို့သားအပေါင်းတို့ကလည်း မဟောသဓအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလေသည်။ ဝိဒေဟရာဇ်မင်းကြီးအား မဟောသဓက အကြောင်းစုံကို ပြန်လည်ရှင်းလင်းတင်ပြကာ တစ်ပြည်နှင့် တစ်ပြည် ချစ်ကြည်မှု ရရှိပြီးဖြစ်ကြောင်းကိုလည်း လျှောက်တင်လေသည်။ ထို့နောက် စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော်၊ မိဖုရား၊ သားတော်တို့အား ပဉ္စာလရာဇ်ပြည်သို့ ကောင်းမွန်စွာ ပြန်လည်ပို့ဆောင်ပေးလေသည်။

ဝိဒေဟရာဇ်မင်းသည် စူဠနီဗြဟ္မဒတ်မင်း၏ သမီးတော်ပဉ္စာလစန္ဒီကို ကောင်းစွာချီးမြှောက်ကာ ဥဒုမ္ဗရဒေဝီမိဖုရားကြီးနှင့် ထပ်တူပင်ထားရှိသည်။ တစ်နှစ်ကြာသော် ပဉ္စာလစန္ဒီမိဖုရားသည် သားတော် ဒီဃာဝုမင်းသားကို ဖွားမြင်လေသည်။ ဒီဃာဝုမင်းသား ဆယ်နှစ်အရွယ် ရောက်ချိန်တွင် ဝိဒေဟရာဇ်မင်းကြီးသည် နတ်ရွာစံသဖြင့် မဟောသဓသည် မင်းသားအား ထီးနန်းအပ်ပြီးလျှင် မိမိပေးခဲ့သည့် ကတိအတိုင်း ပဉ္စာလရာဇ်ပြည်သို့ သွားရောက်ခစားခွင့် တောင်းလေသည်။ မိဖုရားနှင့် သားတော်မင်းတို့က တားမြစ်တောင်းပန်ကြသော်လည်း မဟောသဓက စူဠနီဗြဟ္မဒတ်မင်းကြီးအား ဝန်ခံကတိပေးခဲ့ပြီဖြစ်၍ မသွား၍မဖြစ်ကြောင်း ထိုပြည်မှပင်နှစ်ပြည်ကို စည်ပင်သာယာအောင် လုံ့လပြု၍ ကြည့်ရှုစောင်မပါမည်ဟု ပန်ကြားပြောဆိုပြီး သားမယားအခြွေအရံတို့နှင့်တကွ ပဉ္စာလရာဇ်ပြည်သို့ သွားလေသည်။ ပြည်သူပြည်သားအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြလျက် ခရီးလမ်းတိုင်အောင် လိုက်ပို့ကြ၏။

○ မင်းကြီးသည် ထီးနန်းစည်းစိမ်ကိုသာချန်ပြီး အလုံးစုံသော ပြည်ထဲရေးကိစ္စမှန်သမျှတို့ကို နေ့ချင်းပင် အပ်နှင်းသည်ကို မဟောသဓသည် သံသယဖြစ်၏။ ချီးမြှောက်လိုသော ဆန္ဒတစ်ခုတည်းမဟုတ်ဘဲ အပြစ်ဖြစ်က ကွပ်မျက်နိုင်ရန် အစီအစဉ်ပြုခြင်းလားဟု ဝေခွဲရခက်နေသည်။ ထို့ကြောင့် ပရိဗိုဇ်ထံ ချဉ်းကပ်၍ မင်းကြီး၏ သဘောရင်းကို စုံစမ်းပေးရန် တောင်းပန်လျှောက်ထားလေ၏

စူဠနီဗြဟ္မဒတ်မင်းသည် မဟောသဓလာကြောင်းကြားလျှင် များစွာသော အခြံအရံတို့နှင့်တကွ မိမိပြည်မှထွက်၍ ခရီးဦးကြိုပြုသည်။ ကြီးစွာသော သဘင်ဖြင့် ချီးမြှောက်၍ မြို့တွင်းသို့ ဝင်စေသည်။ နေထိုင်စရာကြီးစွာသော အိမ်ကိုပေးပြီး မြို့ရွာခရိုင်များစွာတို့ကို ပေးပြန်၏။ ထိုရောက်သည့်နေ့မှစပြီး မဟောသဓသည် စူဠနီဗြဟ္မဒတ်မင်းကြီးအား တစ်နေ့မပြတ်ခစား၏။

စူဠနီဗြဟ္မဒတ်မင်းကြီး၏ ပဉ္စာလရာဇ်ပြည်၌ ဘေရီအမည်ရှိသော ပရိဗိုဇ်ရဟန်းမသည်လည်း အလွန်ပညာရှိ၏။ ထိုဘေရီပရိဗိုဇ်သည် နန်းတော်သို့ နေ့တိုင်းမပြတ်လာ၍ ဆွမ်းစား၏။ သို့သော် မဟောသဓနှင့် ပရိဗိုဇ်တို့သည် တစ်ဦးနှင့်တစ်ဦး မမြင်ဖူးကြချေ။ နန္ဒာဒေဝီမိဖုရားသည် မဟောသဓအား အမျက်မပြေနိုင်သဖြင့် မောင်းမငါးရာတို့အား မဟောသဓ၏ အပြစ်ကိုရှာ၍ မင်းကြီးအား ကုန်းချောစကားဆိုရန် မှာကြားထားလေသည်။ မောင်းမငါးရာတို့လည်း မိဖုရားကြီး မှာကြားသည့်အတိုင်း မဟောသဓ၏ အပြစ်ကိုသာလျှင် နေ့တိုင်းမပြတ်ရှာကြည့်လျက်နေကြသည်။

တစ်နေ့သ၌ ဘေရီပရိဗိုဇ်မသည် ဆွမ်းစားပြီး နန်းတော်မှ ထွက်လာရာ မဟောသဓအား မင်းရင်ပြင်နန်းတော်တံခါးဝ၌ တွေ့ဆုံလေသည်။ မဟောသဓသည် ပရိဗိုဇ်အားမြင်လျှင် ရှိခိုးလျက်ရပ်နေ၏။ ပရိဗိုဇ်သည် မဟောသဓအား စူဠနီဗြဟ္မဒတ်မင်းထံသို့ လာရောက်ခစားနေသော်လည်း မင်း၏ချီးမြှောက်ခြင်းကို ခံရပါ၏လောဟု အဓိပ္ပာယ်ဖြင့် လက်ဝါးဖြန့်ပြ၏။ မဟောသဓကမင်းကြီး၏ အချီးအမြှောက်ရာထူးကို မခံရသေးဟု အဓိပ္ပာယ်ဆောင်ကာ လက်ကိုဆုပ်ပြ၍ ဖြေကြား၏။ ထိုသို့ချီးမြှောက်ခြင်းမခံရပါက ဘာကြောင့်ငါတို့ကဲ့သို့ ရဟန်းမပြုသနည်းဟု ၎င်း၏လက်ဖြင့် ဦးခေါင်းကိုသပ်၍ပြ၏။ မဟောသဓက မိမိတစ်ကိုယ်တည်းမဟုတ်၊ ကျွေးမွေးရသော သားမယားတို့ရှိ၍ ရဟန်းမပြုသာဟု ဟူသော အဖြေကို မိမိဝမ်းကိုသပ်၍ ပြလေသည်။

မဟောသဓသုခမိန်အား စုံစမ်းပြီးလျှင် ပရိဗိုဇ်သည် မိမိနေရာကျောင်းသို့သွား၏။ မဟောသဓလည်း ပရိဗိုဇ်အား ရှိခိုးပြီး နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားလေ၏။ မဟောသဓနှင့် ပရိဗိုဇ်တို့ပြဿနာ မေးကြ ဖြေကြသောအချင်းအရာကို မိဖုရားကြီး၏ မောင်းမတို့မြင်ကြသဖြင့် မင်းကြီးအား မဟောသဓနှင့် ပရိဗိုဇ်တို့မင်းကြီး၏ စည်းစိမ်ကို လုရန်ကြံစည်နေကြကြောင်း ကုန်းချောစကားလျှောက်ထားကြ၏။ မင်းကြီးက အကြောင်းစုံမေးလျှင် ပရိဗိုဇ်သည် မဟောသဓအား လက်ဝါးပြင်လောက်မျှသာရှိသော စူဠနီဗြဟ္မဒတ်မင်းကို သင်၏ပညာစွမ်းဖြင့် အဘယ်ကြောင့်မချေဖျက်သနည်း။ အဘယ်ကြောင့် ဤပြည်ကိုသင်၏ လက်သို့ရောက်အောင် မပြုသနည်းဟု လက်ဝါးဖြန့်ပြ၏။ မဟောသဓလည်း မစိုးရိမ်နှင့် နှစ်ရက်သုံးရက်ကြာလျှင် စူဠနီဗြဟ္မဒတ်မင်းကို သန်လျက်ဖြင့် လုပ်ကြံ၍ ပြည်ကိုသိမ်းယူမည်ဟု သန်လျက်ရိုးကို ကိုင်ဆုပ်သောသဏ္ဍာန်ဖြင့် လက်ဆုပ်ပြ၏။ ထိုအခါ ပရိဗိုဇ်က စူဠနီဗြဟ္မဒတ်မင်းအား သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်မည်လောဟု ခေါင်းကို သပ်၍ မေးသည့်အခါ မဟောသဓက ခါးကို နှစ်ပိုင်းဖြတ်မည်ဖြစ်ကြောင်း ၎င်း၏လက်ဖြင့် ဝမ်းကိုသပ်ပြ၏ဟု လျှောက်တင်ကြလေသည်။

နောက်တစ်နေ့မိုးသောက်သော် ပရိဗိုဇ်သည် နန်းတော်သို့ ဆွမ်းစားရောက်ရှိလာသည်။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် ပရိဗိုဇ်ထံ ချဉ်းကပ်၍ မဟောသဓနှင့် တွေ့ဆုံခဲ့ခြင်းရှိ မရှိကို မေးမြန်းလေသည်။ ပရိဗိုဇ်က မင်းကြီးကို မဟောသဓနှင့် တွေ့ဆုံခဲ့ပြီး ပညာစမ်းသပ်ခဲ့ပုံများကို ရှင်းလင်းပြောကြားလေသည်။ ပရိဗိုဇ်သည် ဆွမ်းစားပြီး နန်းတော်မှ ဆင်းသွားသောအချိန်တွင် မဟောသဓသည် မင်းကြီးကို ခစားရန် နန်းတော်သို့ ရောက်ရှိလာသည်။ မင်းကြီးက မဟောသဓကိုလည်း ယမန်နေ့က ပရိဗိုဇ်နှင့်တွေ့ဆုံခဲ့သလောဟု မေးမြန်းပြန်သည်။ မဟောသဓက တွေ့ဆုံခဲ့ကြောင်းနှင့် နှုတ်ဖြင့်ဖြေကြားခြင်းမပြုဘဲ အမေးအဖြေ ပြုလုပ်ခဲ့ပုံများကို ရှင်းလင်းလျှောက်ထားလေသည်။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် လွန်စွာအားရကျေနပ်သည့်အပြင်၊ မဟောသဓကို အလွန်ယုံကြည်မြတ်နိုးသဖြင့် ချက်ချင်းပင် မဟောသဓကို စစ်သူကြီးအရာကို ပေးသနားသည့်အပြင် ပြည်ထဲရေးကိစ္စမှန်သမျှကို အပ်နှင်းလေသည်။

မင်းကြီးသည် ထီးနန်းစည်းစိမ်ကိုသာချန်ပြီး အလုံးစုံသော ပြည်ထဲရေးကိစ္စမှန်သမျှတို့ကို နေ့ချင်းပင်အပ်နှင်းသည်ကို မဟောသဓသည် သံသယဖြစ်၏။ ချီးမြှောက်လိုသော ဆန္ဒတစ်ခုတည်းမဟုတ်ဘဲ အပြစ်ဖြစ်က ကွပ်မျက်နိုင်ရန်အစီအစဉ်ပြုခြင်းလားဟု ဝေခွဲရခက်နေသည်။ ထို့ကြောင့် ပရိဗိုဇ်ထံ ချဉ်းကပ်၍ မင်းကြီး၏ သဘောရင်းကို စုံစမ်းပေးရန် တောင်းပန်လျှောက်ထားလေ၏။

နောက်တစ်နေ့နံနက် မိုးသောက်သော် ပရိဗိုဇ်သည် နန်းတော်သို့ ဝင်၍ဆွမ်းစားပြီးလျှင် မင်းကြီးအား အခြံအရံမှူးမတ်အပေါင်းတို့မှ လွတ်ရာသို့ ခေါ်သွားသည်။ ထို့နောက်ရေစောင့်ဘီလူးရှိသော မဟာသမုဒ္ဒရာသို့ မင်းကြီးနှင့်အတူ မယ်တော်စလာကဒေဝီ၊ မိဖုရားကြီးနန္ဒာဒေဝီ၊ ညီတော်တိခိဏ မန္တိမင်းသား၊ မင်းကြီးသူငယ်ဖော်စားတော်ကဲ ဓနုသေခ၊ ကေဝဋ္ဋအမတ်၊ မဟောသဓတို့ သင်္ဘောဖြင့် ဖြတ်သန်းမျောပါခဲ့၍ ရေစောင့်ဘီလူးက ၎င်းခြောက်ယောက်တို့ကို အစဉ်အတိုင်း တောင်းပါလျှင် မည်သို့ဆောင်ရွက်၍ ရေစောင့်ဘီလူး၏ ဘေးမှ လွတ်မြောက်အောင် ကြံဆောင်မည်နည်းဟု မေးလေသည်။

ထိုအခါ မင်းကြီးသည် အကျိုးအကြောင်းပြချက်များဖြင့် မိမိကိုယ်တိုင်ပင် ရေစောင့်ဘီလူးအား ပေးကောင်းပေးမည်၊ မဟောသဓကို မပေးဟုဆိုလေသည်။ ပရိဗိုဇ်သည် မင်းကြီး၏ မဟောသဓအပေါ်ထားရှိသော နှလုံးကောင်းခြင်းကို သိရှိခဲ့ရ၍ အားရဝမ်းမြောက်မိသည်။ သို့သော် မဟောသဓ၏ ဂုဏ်သတင်းကို ပရိသတ်တို့အလယ်တွင် ချီးမွမ်းလို၍ နန်းတွင်းသူ နန်းတွင်းသားတို့ကို စုစည်းစေပြီး ပရိသတ်အလယ်တွင် မင်းကြီးကို ဤရေစောင့်ဘီလူးပြဿနာကို ထပ်မံမေးလေသည်။ မင်းကြီးသည် ရှေးနည်းတူပင် မဟောသဓကို မပေးလိုသည့်အကြောင်းကို အကျိုးအကြောင်းနှင့် ဖြေကြားပြန်သည်။

ထိုအခါ ပရိဗိုဇ်သည် ပဉ္စာလရာဇ် ပြည်သူအပေါင်းတို့ကို ပညာဟူသည် အလိုရှိအပ်သောအရာခပ်သိမ်းကို ပြီးစေတတ်ပြီး အလွန်တန်ဖိုးကြီးကြောင်း၊ ပညာသည်သာလျှင် ပစ္စုပ္ပန်၌ ကိုယ့်စီးပွားနှင့်အတူ သူတစ်ပါးစီးပွားအကျိုးကိုဆောင်၍ နောင်တမလွန်၌လည်း ချမ်းသာမြင့်မြတ်ခြင်းဖြစ်စေလျက်မဂ်ဖိုလ် ချမ်းသာကိုလည်း ရွက်ဆောင်နိုင်၏ဟု မဟောသဓ၏ ပညာဂုဏ်ကို ချီးကျူးခြင်းပြုလေသည်။

မဟောသဓသည် ရေစောင့်ဘီလူး ပြဿနာဖြေဆိုပွဲဖြစ်သည့်နေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ကျော်စောထင်ရှားလျက် ကေရာဇ်မင်း၏ စည်းစိမ်နှင့် ထီးနန်းမှတစ်ပါး ထပ်တူဖြစ်သော စည်းစိမ်ကို စိုးစံလေသည်။ ပြည်သူပြည်သားများ၏ အကျိုးစီးပွား၊ မင်း၏ အကျိုးစီးပွားများကိုလည်း တစ်နေ့မပြတ်ရွက်ဆောင်ကြိုးပမ်း၍ အသက်ဆုံးသောအခါ၌ တာဝတိံသာနတ်ပြည်သို့ ဘဝပြောင်းလဲ စံတော်မူ၏။

# ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့ အောက်ဆီဂျင်အလုံးရေ ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၁၈**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများအတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့ မြစ်ကြီးနားညီအစ်ကိုများ ဂေါက်ရိုက်အဖွဲ့မှ အောက်ဆီဂျင်အလုံးရေ ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပသည်။




လှူဒါန်းပွဲတွင် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကိုဗစ်-၁၉ တတိယလှိုင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မြန်မာနိုင်ငံတွင် အလျင်အမြန် ကူးစက်ပျံ့နှံ့ခဲ့ပြီး ကချင်ပြည်နယ်တွင်လည်း ရောဂါပိုးတွေ့ရှိ ယနေ့အထိ ၃၄၂၆ ဦးရှိနေပြီး စတင်ဖြစ်ပွားချိန်မှ ဇူလိုင် ၁၇ ရက်အထိ သေဆုံးသူ ၅၂ ဦးရှိရာ ဇူလိုင်လတစ်လအတွင်း သေဆုံးသူ ၄၇ ဦးအထိ ရှိနေကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်အတွက် အောက်ဆီဂျင်ရရှိရေးသည်လည်း အလွန်အရေးကြီးလာပါကြောင်းနှင့် ထို့ကြောင့် အောက်ဆီဂျင် လိုအပ်လာလျှင် လုံလုံလောက်လောက်ရရှိရေးနှင့်အရေးပေါ်အသုံးပြုရန်အတွက် မိမိတို့အနေဖြင့် အောက်ဆီဂျင်စက်ရုံများ လိုအပ်လာသလို အလှူရှင်များ၏ လှူဒါန်းမှုပြုနိုင်ရန်အတွက်ကိုလည်း နှိုးဆော်တိုက်တွန်းလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် အောက်ဆီဂျင်အိုးများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အလှူရှင် မြစ်ကြီးနားညီအစ်ကိုများဂေါက်ရိုက်အဖွဲ့(MBGA)မှ ဦးဇော်မင်းက ရှင်းလင်းပြောကြားပြီး ပြည်နယ်ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်က အောက်ဆီဂျင်အိုးများ လှူဒါန်းရရှိမှုအတွက် ကျေးဇူးတင်ကြောင်းနှင့် လက်ခံရရှိသည့် အောက်ဆီဂျင်များကို ဖြန့်ဝေသုံးစွဲသွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစ်ကြီးနားညီအစ်ကိုများ ဂေါက်ရိုက်အဖွဲ့(MBGA)မှ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း အသုံးပြုရန်အတွက် အောက်ဆီဂျင်အိုးများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်မှုကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်တို့က လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယနေ့ လှူဒါန်းလက်ခံရရှိသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အလုံးရေ ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများကို ဗန်းမော်ခရိုင်ပြည်သူ့ဆေးရုံအတွက် အလုံး ၂၀ ၊ မိုးမောက်မြို့နယ်ဆေးရုံအတွက် ၁၀ လုံး၊ ရွှေကူမြို့နယ်ဆေးရုံအတွက် ၁၀ လုံး၊ မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံအတွက် အလုံး၂၀၊ မိုးကောင်းမြို့နယ်ဆေးရုံအတွက် ၁၀ လုံး၊ တမဟ (၃)အတွက် ၁၀ လုံး၊ ပူတာအိုခရိုင် ပြည်သူ့ဆေးရုံအတွက် ၁၀ လုံး၊ တနိုင်းမြို့နယ်အတွက် ငါးလုံးနှင့် ချီဖွေမြို့နယ်အတွက် ငါးလုံး ဖြန့်ဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို မော်တော်ယာဉ် ၁၃ စီးဖြင့် မြဝတီနယ်စပ်မှတစ်ဆင့် တင်သွင်း

**မြဝတီ ဇူလိုင် ၁၈**

ကိုဗစ်၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ အထောက်အကူပြုဆေးနှင့်ပစ္စည်းများ တင်သွင်းမှုကို မြဝတီနယ်စပ်မှတစ်ဆင့် တင်သွင်းခွင့်ပြုပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက်က အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများကို မော်တော်ယာဉ် ၁၃ စီးဖြင့် မြဝတီနယ်စပ် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် တင်သွင်းခဲ့သည်။ Liquid Oxygen အရည်များ၊ Oxygen Cylinder အိုးများ၊ Oxygen Concentrator များ၊ ရောဂါကာကွယ်ရေး ဝတ်စုံများနှင့် ပါးစပ်၊ နှာခေါင်းစည်းများအား မော်တော်ယာဉ် ၁၃ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။




အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ အချိန်ကြန့်ကြာမှုမရှိဘဲ ပြည်သူများ လက်ဝယ်လွယ်ကူလျင်မြန်စွာ ရောက်ရှိစေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်က ပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ လတ်တလော ကိုဗစ်-၁၉ ကုသရေးတွင် လိုအပ်လျက်ရှိသည့် Oxygen Concentrator များ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သည့်အပြင် အကောက်ခွန် ၃ ရာခိုင်နှုန်း အတွက်လည်း လက်ငင်းပေးဆောင်ရန် မလိုဘဲ ကြိုတင် ထုတ်ယူနိုင်ရန် ဖြေလျှော့ ခွင့်ပြုထားကြောင်း မြဝတီကုန်သွယ်ရေးဇုန်မှ သိရသည်။

**ထိန်လင်းအောင်**

# ကျောက်တော်မြို့၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်တားဆီးရန် အသိပညာပေး

**ကျောက်တော် ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းမဖြစ်မနေတပ်ဆင် သွားလာရေး အသိပညာပေးခြင်းနှင့် ပါးစပ်၊ နှာခေါင်းစည်း မပါရှိသူများအား ဒဏ်ရိုက်အရေးယူဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီက မဟာကံကြီးရှင်ဘုရားရှေ့မြို့အဝင်လမ်းနှင့် လမ်းဆုံလမ်းခွများ၊ ကားဂိတ်များ၌ အခမဲ့ဖြန့်ဝေခြင်းနှင့် ဒဏ်ရိုက် အရေးယူခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာညွန့် ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ခရီးသွားပြည်သူများ၊ ဈေးရောင်း၊ ဈေးဝယ်လာသူများ၊ လမ်းသွား/လမ်းလာများနှင့် အငှားယာဉ်မောင်းနှင်သူများကို အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်သွားလာကြရန်နှင့် နှာခေါင်းစည်း မပါရှိသူများအား ပါးစပ်၊ နှာခေါင်းစည်းအခုရေ ၇၀၀ ခန့်ကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး နှာခေါင်းစည်း မပါရှိသူများအား ပထမအကြိမ်အဖြစ် ဒဏ်ကြေးငွေကျပ် ၅၀၀ အား ပေးဆောင်စေခြင်းနှင့် နှာခေါင်းစည်းနှစ်ခုအားပေးအပ်ပြီး တစ်ခုဝယ်၊ တစ်ခုလက်ဆောင်အဖြစ် ပေးအပ်ကာ ထပ်မံလိုက်နာမှုမရှိသူများအား ဒဏ်ရိုက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ထွန်း**
**(ပြန်/ဆက်)**




# ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်စက်သစ်ကြီး တပ်ဆင်ပြီးစီးသဖြင့် အောက်ဆီဂျင် စတင်ထုတ်လုပ်

**ပဲခူး ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်စီစဉ်မှုဖြင့် ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသော အောက်ဆီဂျင်ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဆီဂျင်စက်သစ်ကြီးအား ဇူလိုင် ၁၅ ရက်မှ စတင်တပ်ဆင်ကြရာ ဇူလိုင် ၁၈ ရက်တွင် ပြီးစီးသွားပြီဖြစ်သဖြင့် အောက်ဆီဂျင်များ စတင်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်သစ်ကြီးသည် တစ်ရက်လျှင် ၄၀ လီတာအိုး အလုံး ၆၀ ခန့် ထွက်ရှိမည်ဖြစ်သဖြင့် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသနေသည့် အောက်ဆီဂျင်လိုအပ်သော လူနာများအတွက် အောက်ဆီဂျင်အလုံအလောက်ပေးနိုင်မည်ဖြစ်သည့်အပြင် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူ့ဆေးရုံများ၏ အောက်ဆီဂျင်လိုအပ်ချက်ကိုလည်း တတ်နိုင်သလောက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အောက်ဆီဂျင်ပေးရန် လိုအပ်လျက်ရှိသည့် ရောဂါဝေဒနာရှင်များ အောက်ဆီဂျင်အတွက် အခက်အခဲမရှိစေရန် ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့အပြင် အခြားခရိုင်မြို့ကြီးများဖြစ်သည့် သာယာဝတီခရိုင် သာယာဝတီမြို့ တောင်ငူခရိုင် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတို့တွင်လည်း အောက်ဆီဂျင်စက်သစ်ကြီးများ တပ်ဆင်နိုင်ရေး မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ ရောဂါခံတော်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ အထွေထွေရောဂါကုဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက အောက်ဆီဂျင်အိုး အလုံး ၅၀ ကိုလည်းကောင်း၊ ကချင်ပြည်နယ် မိုးမိတ်မြို့ ပြည်သူ့ဆေးရုံရှိ ကိုဗစ်စင်တာသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိုးမိတ်တပ်နယ်မှ တပ်မတော်သားများက အောက်ဆီဂျင်အလုံး၂၀ ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ပြည်သူ့ဆေးရုံသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက Oxygen concentrator နှစ်လုံး၊ Oxygen clinder လီတာ ၄၀ အိုး ၁၀ လုံးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အောက်ဆီဂျင်အိုးအလုံး ၁၃၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၁၃ လုံးနှင့် အမ်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၄၇ လုံးတို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက အောက်ဆီဂျင်အိုး အလုံး ၇၀ ကိုလည်းကောင်း အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အောက်ဆီဂျင်ကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အောက်ဆီဂျင်များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိအများပိုင်ကုမ္ပဏီ (ဂန္ဓမာ)အောက်ဆီဂျင်၌ အောက်ဆီဂျင်ထုတ်လုပ်လည်ပတ်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)ရှိ ယူနီတီအောက်ဆီဂျင်စက်ရုံ၌ Shwe Byain Phyu Co.Ltd မှ လှူဒါန်းသည့် Liquid Oxygen များကို အောက်ဆီဂျင်အိုးများအတွင်း ဖြည့်သွင်း၍ ပြည်သူလူထုထံသို့ ပေးအပ်လှူဒါန်းနေမှုများကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်



တာဝန်ရှိသူများက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုများကို စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို တင်သွင်းခွင့်ပြုထားရာ ပုဂ္ဂလိကကုမ္ပဏီနှစ်ခုမှ တင်သွင်းလာသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၇၈၂ လုံးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားသို့ လည်းကောင်း၊ စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပြည်ပမှမှာယူထားသည့် အောက်ဆီဂျင် အလုံး ၅၀ သည် ထားဝယ်မြို့သို့လည်းကောင်း၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၂၆ လုံးသည် မြဝတီမြို့သို့လည်းကောင်း ရောက်ရှိလာရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဆက်လက် ပို့ဆောင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မှ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများနှင့်အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခံတော်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက် အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ ဆောင်ရွက်ပေးရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက် ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင် ကျောင်းများနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး ၉၉၁ လုံး၊ ပါးစပ်၊ နှာခေါင်းစည်း ၃၀၈၃၆၂ ခု၊ Personal Protective Equip-ment (PPE) ဝတ်စုံ ၉၆၀၊ လက်သန့်ဆေးရည် ၅၀၉ ဘူး၊ မျက်နှာဖုံးအကာ ၁၅၀၊ လက်ဆေးဆပ်ပြာရည် လေးပုံး၊ လက်အိတ် Surgical Gloves ၈၀၀၊ ခေါင်းစွပ် ၅၀၀၊ စက်သုံးဆီများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သွားရောက်ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်းနှင့် ဆက်လက်ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စေတနာရှင် အလှူရှင်များကလည်း သက်ဆိုင်ရာ နယ်မြေများအလိုက် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ၊ X- Ray စက်များ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးသို့ လာရောက်လှူဒါန်းလျက်ရှိရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၁၈ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၉၅၃၉၃၇ | ၂၉၃၆၉၁၈၁ | ၆၂၄၇၁၅ |
| ၂။ | အိန္ဒိယ | ၃၁၁၀၆၀၆၅ | ၃၀၂၆၉၇၉၆ | ၄၁၃၆၄၀ |
| ၃။ | ဘရာဇီး | ၁၉၃၄၂၄၄၈ | ၁၇၉၈၃၂၇၅ | ၅၄၁၃၂၃ |
| ၄။ | ရုရှား | ၅၉၅၈၁၃၃ | ၅၃၄၁၂၃၁ | ၁၄၈၄၁၉ |
| ၅။ | ပြင်သစ် | ၅၈၅၅၁၉၈ | ၅၆၅၈၅၅၄ | ၁၁၁၄၆၇ |
| ၆။ | တူရကီ | ၅၅၂၂၀၃၉ | ၅၃၈၀၇၅၂ | ၅၀၄၈၈ |
| ၇။ | ဗြိတိန် | ၅၃၈၆၃၄၀ | ၄၃၉၀၉၄၂ | ၁၂၈၆၈၃ |
| ၈။ | အာဂျင်တီးနား | ၄၇၄၉၄၄၃ | ၄၃၇၉၁၆၉ | ၁၀၁၄၃၄ |
| ၉။ | ကိုလံဘီယာ | ၄၆၂၁၂၆၀ | ၄၃၇၂၄၃၄ | ၁၁၅၈၃၁ |
| ၁၀။ | အီတလီ | ၄၂၈၄၃၃၂ | ၄၁၁၂၉၇၇ | ၁၂၇၈၆၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ - ၇ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၈၇၇၄၇၆ | ၂၂၆၁၆၅၈ | ၇၃၅၈၂ |
| ဖိလစ်ပိုင် | ၁၅၀၇၇၅၅ | ၁၄၃၃၈၅၁ | ၂၆၇၁၄ |
| မလေးရှား | ၉၁၆၅၆၁ | ၇၈၄၉၄၉ | ၇၀၁၉ |
| ထိုင်း | ၄၀၃၃၈၆ | ၂၈၃၉၁၀ | ၃၃၄၁ |
| မြန်မာ | ၂၂၉၅၂၁ | ၁၆၁၈၅၉ | ၅၀၀၀ |
| ကမ္ဘောဒီးယား | ၆၇၁၈၁ | ၅၈၉၃၀ | ၁၁၀၆ |
| စင်ကာပူ | ၆၃၀၇၃ | ၆၂၅၁၂ | ၃၆ |
| ဗီယက်နမ် | ၅၁၀၀၂ | ၁၀၃၁၂ | ၂၂၅ |
| လာအို | ၃၄၂၆ | ၂၁၇၄ | ၅ |
| ဘရူနိုင်း | ၂၈၃ | ၂၆၀ | ၃ |

# ကိုဗစ် - ၁၉ ရောဂါပိုးရှိ သံဃာတော်၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များထားရှိရန် ပြင်ဆင်ဆောင်ရွက် ပြည်သူများ လက်ဝယ်အရောက် အောက်ဆီဂျင်ဖြန့်ဖြူးပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

**ကိုဗစ် – ၁၉ရောဂါပိုးရှိ သံဃာတော်၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များထားရှိရန် ပြင်ဆင်ဆောင်ရွက်နေသည့်စင်တာများနှင့် အောက်ဆီဂျင်စက်ရုံများမှ အောက်ဆီဂျင်များကို ပြည်သူများ၏ လက်ဝယ်အရောက်ဖြန့်ဖြူးပေးဝေနေမှုများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ နံနက် ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမရှိ ကုသရေး အဖွဲ့များနှင့် လုပ်အားပေးအဖွဲ့များအတွက် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ထောက်ပံ့ပေးအပ်သည့် ရောဂါကာကွယ်ရေးဝတ်စုံ PPE အစုံ ၁၀၀၊ နှာခေါင်းစည်း ၁၀၀၀၀နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး (ယာပုံ) အားပေးစကားပြောကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သီရိမင်္ဂလာမဟာသာသနဲ့ဗိမာန်တော်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီမံဆောင်ရွက်မှုဖြင့် ကိုဗစ် – ၁၉ ရောဂါပိုးရှိ သံဃာတော်အပါး ၂၀၀ ခန့် ထားရှိရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၁) ရှိ ယူနီတီအောက်ဆီဂျင်စက်ရုံတွင် ရွှေဖျိုင်းဖြူကုမ္ပဏီမှ လှူဒါန်းပေးသော Liquid Oxygen များကို အောက်ဆီဂျင်ဓာတ်ငွေ့အိုးများအတွင်း ဖြည့်သွင်း၍ ပြည်သူလူထုထံ ပေးအပ်လှူဒါန်းနေမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အောက်ဆီဂျင်လိုအပ်နေသော ပြည်သူများ၏ လက်ဝယ်သို့ လုံလောက်စွာဖြန့်ဖြူးပေးရန်နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြမည့် အုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေး အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက်မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်မည့် ကုသရေးအဖွဲ့များနှင့် လုပ်အားပေးအဖွဲ့များအတွက် ရောဂါကာကွယ်ရေးဝတ်စုံ PPE အစုံ ၁၀၀၊ နှာခေါင်းစည်း ၁၀၀၀၀ နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး အားပေးစကားပြောကြား၍ ကိုဗစ် –၁၉ ရောဂါ ပိုးတွေ့သံဃာတော်များနှင့် သီလရှင်များထားရှိရန် အခန်းနေရာပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး ပစ္စည်းထားရှိမှုများကိုလည်းကောင်း၊ အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အောက်ဆီဂျင် လိုအပ်မည့်လူနာများအတွက် အောက်ဆီဂျင် ပိုက်လိုင်း သွယ်တန်းတပ်ဆင်ထားရှိမှုများကို ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် အောက်ဆီဂျင်လိုအပ်နေသော ပြည်သူများ၏လက်ဝယ်သို့ အမြန်ဖြန့်ဖြူးပေးရေး ကိစ္စရပ်များနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေး အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်းတွင် မျိုးရိုးဗီဇ ပြောင်းလဲမှုကြောင့် ဒုတိယလှိုင်းထက် လူနာများတွင် အောက်ဆီဂျင်လိုအပ်မှုမြင့်မားနေသဖြင့် လိုအပ်ချက်များကို အလုံအလောက်ဖြည့်တင်းပေးရန် နိုင်ငံတော်နှင့် တပ်မတော်ပိုင် Oxygen Plant များ၊ ပုဂ္ဂလိကပိုင် Oxygen Plant များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းငွေများဖြင့်လည်း အောက်ဆီဂျင်ဓာတ်ငွေ့ရည်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းကာ ဆေးရုံများနှင့် အောက်ဆီဂျင်လိုအပ်သည့် ပြည်သူများထံသို့ ပို့ဆောင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# ပြည်သူ့ဆေးရုံတွေ၊ ကိုဗစ်စင်တာတွေမှာရှိတဲ့ ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းတွေအားလုံးကို တစ်ဖက်တစ်လမ်းကနေ ပြည်သူလူထုအတွက်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေဖို့အတွက် ကူညီဆောင်ရွက်ခြင်း ဖြစ်ပါတယ်

**ကိုဗစ် – ၁၉ လူနာများအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူနာများ အောက်ဆီဂျင် မပြတ်လပ်စေရန် အထူးလိုအပ်ပါသည်။ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူး လှူဒါန်းနေမှုများနှင့်ပတ်သက်၍ ဦးကျော်မျိုးအောင် မန်နေဂျာ (ရွှေဖျိုင်းဖြူကုမ္ပဏီ) နှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**ဦးကျော်မျိုးအောင်**
**မန်နေဂျာ (ရွှေဖျိုင်းဖြူကုမ္ပဏီ)**

ဒီနေ့ ကျွန်တော်တို့ ရွှေဖျိုင်းဖြူကုမ္ပဏီလီမိတက်ကနေပြီးတော့ အများပြည်သူအတွက် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ တစ်ဖက်တစ်လမ်းက လိုအပ်တဲ့ အောက်ဆီဂျင်ကို ပေးဝေလှူဒါန်းခြင်းဖြစ်ပါတယ်။

ပေးဝေလှူဒါန်းတာက ရွှေဖျိုင်းဖြူကုမ္ပဏီလီမိတက်နဲ့အတူ အလှူရှင်များစွာ လှူဒါန်းတဲ့ အလှူလည်း ဖြစ်ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်–၁၉ ရောဂါအခြေအနေကြောင့် လိုအပ်တဲ့ အောက်ဆီဂျင်ကို ပထမအကြိမ် ကနဦးအလှူရှင် ခုနစ်ဦးကနေပြီးတော့မှ စုစုပေါင်း အလုံးရေ ၂၆ လုံးကို လှူဒါန်းပြီးတဲ့နောက်မှာ နောက်ထပ်လည်း ဒီလိုပဲ အလှူရှင်တွေ ထပ်ထပ်တိုးလာတဲ့အခါမှာ အလှူရှင်အားလုံးဟာ ၂၄ ဦးရှိပြီးတော့ ဒုတိယအကြိမ် အခုလ ၁၅ ရက်နေ့မှာပဲ နောက်ထပ် ၄၄ လုံး စုစုပေါင်း အလုံး ၇၀ ရှိတဲ့ အောက်ဆီဂျင်ပမာဏကို ထိုင်းနိုင်ငံနဲ့ ကျွန်တော်တို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါတယ်။

ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကနဦးအနေနဲ့ ကျွန်တော်တို့ ကုမ္ပဏီဘက်ကနေပြီးတော့ မန္တလာမင်းနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီး ထိုင်းနိုင်ငံ ဘန်ကောက်ကနေ မှာယူရရှိပြီး ဖြစ်ပါတယ်။ နောက်ထပ် နောက်ထပ်လည်း လှူဒါန်းမှုအတွက် အလှူရှင်အများကြီးရှိသလို မြန်မာနိုင်ငံရဲ့ လိုအပ်တဲ့ တိုင်းဒေသကြီးတွေဖြစ်တဲ့ အထူးအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ လိုအပ်တဲ့ တိုင်းဒေသကြီးမှာလည်း ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်ပေးဖို့ ရှိပါတယ်။

အလှူရှင်တွေရဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူ့ဆေးရုံတွေ၊ ကိုဗစ်စင်တာတွေမှာရှိတဲ့ ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းတွေအားလုံးကို တစ်ဖက်တစ်လမ်းကနေ ပြည်သူလူထုအတွက်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေဖို့အတွက် ကျွန်တော်တို့ ကူညီဆောင်ရွက်




ခြင်းဖြစ်ပါတယ်။

ကျွန်တော်မှာယူတဲ့ ထိုင်းနိုင်ငံက အောက်ဆီဂျင်အနေနဲ့ကတော့ Medical Industrial Liquid Oxygen အမျိုးအစားဖြစ်ပါတယ်။ ဒီနေ့မှာတော့ Unity Oxy–gen Plus ကနေမှတစ်ဆင့် ပြည်သူလူထုလိုအပ်တာတွေကို ပေးလှူခြင်းဖြစ်ပါတယ်။ ဒီကနေမှတစ်ဆင့် ကိုဗစ်စင်တာတွေ၊ ဆေးရုံတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ တခြားသောဝန်ဆောင်မှုတွေ လုပ်နေတဲ့ သူတွေလက်ထဲကို တတ်နိုင်သမျှ လက်ထဲရောက်အောင် ဖြန့်ဖြူးဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

ဦးစားပေးအနေနဲ့ကတော့ ကိုဗစ်စင်တာတွေ၊ ဆေးရုံတွေ၊ ကျန်းမာရေးအသင်းအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေကို ဦးစားပေးဆောင်ရွက်ပေးပါတယ်။ ပြည်သူလူထုကို ကိုဗစ်ရောဂါ စည်းကမ်းချက်များနှင့်အညီ ရောဂါပြန့်ပွားမှု မဖြစ်အောင် တိုကင်စနစ်နဲ့ ၁၀ လုံးဆို ၁၀ လုံး ပမာဏကို ကျွန်တော်တို့အထဲကိုသွင်းပြီး ဖြည့်သွင်းခြင်းများလုပ်ပြီး သူတို့ကို ပြန်ပေးဝေခြင်းလုပ်ပါတယ်။ အခြားသော အလှူရှင်တွေရဲ့ မွန်မြတ်တဲ့အလှူဒါန ဇီဝိတဒါနတွေမှာ ပင်ပန်းတယ်လို့မရှိဘဲနဲ့ လုပ်ဆောင်ပေးရတာကို ကျွန်တော့်အနေနဲ့ ပြည်သူလူထုနဲ့အတူ ထပ်တူဝမ်းသာပီတိ ဖြစ်ရပါတယ်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**




နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပမှ ဝင်ရောက်လာသည့် အောက်ဆီဂျင်များ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာစဉ်။

❄ *ကျောဖုံးမှ*

Oxygen ဓာတ်ငွေ့အိုးဖြင့် လီတာ ၄၀၀၀ ၊ Oxygen အိုးအခွံ ၂၆၂၃ ခု၊ PPE ဝတ်စုံ ၁၂၇၉၅ စုံ၊ လက်အိတ်အစုံ ၁၉၀၀၀၊ Mask တန် ၁၈၀ တင်သွင်းနိုင်ခဲ့သည်။

သို့ပါ၍ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ Oxygen (အရည်) လီတာ ၄၉ သန်း၊ အိမ်သုံး Oxygen Concentrator ၆၅၀၅ ခု၊ Mask တန် ၂၉၀ တင်သွင်းနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးဆိုင်ရာ ဆေးဝါးများ တင်သွင်းရာတွင် ထိုင်းနိုင်ငံမှ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီကုန်သွယ်ရေးဇုန်မှ အများဆုံးတင်သွင်းနိုင်ခဲ့ပြီး ရောဂါထိန်းချုပ်မှုအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ မော်တော်ယာဉ် ၁၁၇ စီး တင်သွင်းခွင့်ပြုခဲ့ကြောင်းနှင့် စတင်တင်သွင်းသည့် ဇူလိုင် ၁၂ ရက်မှစပြီး ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများကို နေ့စဉ်ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သူများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်းများအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှု ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် ရှာဖွေစုံစမ်းဖော်ထုတ်ခြင်းများ အပါအဝင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးမြို့နယ် ကံပြားကျေးရွာ အုပ်စု ကန်လှကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မသင်္ကာဖွယ် လူနှစ်ဦးဖြစ်သည့် ရဲမင်းသူ (ဘ) ဦးစိုးလွင်နှင့် ငြိမ်းမင်းဇော်(ဘ) ဦးအောင်အေးတို့ကို ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး လိုအပ်သည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရဲမင်းသူ၏ ဖော်ထုတ်ချက်အရ အကြမ်းဖက်သူများသည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်၊ ၆၅(ဘီ)လမ်း၊ ၁၀၅ လမ်းနှင့် ၁၀၆ လမ်းကြားရှိ နေအိမ်၌ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း သိရှိရသဖြင့် ယနေ့ နံနက် ၁၁ နာရီခန့်တွင် သွားရောက် ရှာဖွေစစ်ဆေးခဲ့ရာ ယင်းနေအိမ်အတွင်းမှ အောင်ပိုင် (ဘ) ဦးထွန်းမောင်၊ သက်နိုင်ဝင်း (ဘ) ဦးစံ၊ ကျော်တင့် (ဘ) ဦးစိုးတင့်၊ ကျော်သီဟ (ဘ)ဦးခင်မောင်လွင်နှင့် ဆန္ဒအောင် (ဘ) ဦးအောင်မျိုးထွန်းတို့ ငါးဦးကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ၄၀ မမ ဖုံးပစ်လောင်ချာ တစ်လက်၊ KA-25 မောင်းပြန်ရိုင်ဖယ် လေးလက်၊ လက်ပစ်ဗုံး ရှစ်လုံး၊ ၄၀ မမဖုံးသီး ၁၅ လုံး၊ ကျည် ၄၈၄ တောင့်၊ KA-25 ကျည်အိမ် ၁၂ ခု၊ အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရတနာသစ်တော၊ ပြည့်သွေးကြော သစ်တောရတနာ၊ ထိန်းသိမ်းပါ

## နေပြည်တော် ကောင်စီနယ်မြေနှင့် နောင်ချိုမြို့နယ်အတွင်း၌ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူ ဖြစ်စေရန်အတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းတို့ရှိ လူစည်ကားရာ ဘုရားစေတီများ၊ ရပ်ကွက်များ၊ ဈေးများ၊ လမ်းများ၌ ပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း ၃၀၀၀ တို့ကို ပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မိဘအမည်မှန်**

သာစည်မြို့နယ်၊ ဘုရားငါးဆူ ကျေးရွာ၊ အထက(ခွဲ)ဘုရားငါးဆူ Grade-6မှ မဆောင်းဖြူစင်၏ မိဘအမည်မှန်မှာ ဦးချစ်နိုင် ၉/သစန (နိုင်)၁၅၀၃၆၉နှင့် ဒေါ်အေးအေးမြင့် ၉/သစန(နိုင်)၁၅၈၂၉၇ ဖြစ်ပါကြောင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဟင်္သာတမြို့၊ ခုတင်(၂၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအားကုသပေးနိုင်ရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများ၊ Consumables များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၆-၇-၂၀၂၁ ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက် - ၆-၈-၂၀၂၁ ရက် (သောကြာနေ့) ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါ ခေါ်ယူစိစစ်ရေးအဖွဲ့**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့**
**ဖုန်း-၀၄၄-၂၀၂၁၅၁၁**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် တက်ရောက်ကုသနေကြသည့် လူနာများအ တွက် လိုအပ်သည့် FDA အသိအမှတ်ပြု ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆက်စပ်ပစ္စည်းများ၊ အခြားဆေးပစ္စည်းများ(Consumables)များအားဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက်နှင့်အချိန် - ၁၅-၇-၂၀၂၁ရက်( နံနက် ၉နာရီ)
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၁၅-၈-၂၀၂၁ရက်(ညနေ ၄နာရီ)
တင်ဒါပုံစံရောင်းချမည့်နေရာ -ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများ၏ စာရင်းအသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ်ရုံးချိန် အတွင်း ဆေးရုံအုပ်ကြီးရုံး၊ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့၊ ဖုန်း ၀၈၂-၂၂၀၂၉၄၇ သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ**




**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၂၁ ခုနှစ် တရားမအယူခံမှုအမှတ်-၁၇၄**

ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်ငွေငွေ **နှင့်** ဦးမင်းအောင်
**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၂၁ ခုနှစ် မတ်လ ၁၂ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ၂၀၁၈ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၅၃ ကို အယူခံမှု။

အယူခံတရားပြိုင် ဦးမင်းအောင် အမှတ်-၆၃၊ ၇၃ လမ်း၊ ၂၈ နှင့် ၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

